စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE

# ဈေးကွက်သတင်းလွှာ

myantrade

**အမှတ်စဉ် ၁၀/၂၀၂၂**

## ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ကျိုက်လတ်မြို့နယ်တွင် နာနတ်သီးများ ဝယ်လိုအားကောင်းလာပြီး ဈေးကောင်းရရှိနေ
- ရာသီပေါ် ဝါးပိုးဈေးကွက်
- ရန်ကုန်ဈေးကွက်တွင် အဝယ်လိုက်နေသော လပွတ္တာငါးခြောက်
- မန္တလေးဈေးကွက်တွင် ပဲပုပ်(ရှမ်း) အရောင်းအဝယ်ကောင်းလာပြီး ၅၃ ပိဿာဝင်တစ်အိတ်လျှင် ကျပ် ၁၆၆,၀၀၀ ပေါက်ဈေးရှိလာ
- တနင်္သာရီတိုင်းဒေသကြီး၌ ယခုနှစ်တွင် မျှင်ကောင် ဖမ်းယူရရှိချိန်စော၍ မျှင်ငါးပိ စတင်ထုတ်လုပ်နေ
- မန္တလေးဈေးကွက်အတွင်း နောင်ချိုဘက်မှထွက်ရှိသည့် အာလူးများ တစ်ပိဿာလျှင် ကျပ် ၁၆၅၀ ဖြင့် ဈေးကောင်းရရှိ

### နိုင်ငံတကာဈေးကွက်

- အီးယူဒေသ စီးပွားရေးနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ အလားအလာ
- တရုတ်ယွမ် ပြည်ပတွင် ဒေါ်လာနှင့် လဲနှုန်း စံချိန်တင် ကျဆင်းခဲ့
- အာရှတွင် စားအုန်းဆီပျိုးပင်ပေါက်များ ပြတ်လပ်မှုရှိနေ
- ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးမြှင့်တင်ရေးအတွက် ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ရန် သဘောတူ
- အိန္ဒိယနိုင်ငံ၏ ပို့ကုန် ကုန်ထုတ်လုပ်ငန်းများ ဝယ်လိုအားခန်းခြောက်သဖြင့် အခက်ကြုံ
- အာရှဒေသမှ ငှက်ပျောသီးတင်ပို့မှုတွင် ဖိလစ်ပိုင်နိုင်ငံ၏ ဈေးကွက်ဝေစုကျဆင်း
- အိန္ဒိယနိုင်ငံမှ သကြား ပထမအသုတ် တန်ချိန် ၅ သန်း တင်ပို့ခွင့်ပြုရန် လျာထား

### ပြည်တွင်းကုန်သွယ်မှုသတင်း

- ပြည်တွင်း၌ နိုင်ငံတကာနည်းတူ နမူနာကော်ဖီကို စမ်းသပ်သောက်သုံး၍ စနစ်တကျအကဲဖြတ်ပြီးမှ ကော်ဖီစေ့ကို အရောင်းအဝယ်ပြုလုပ်လာ
- ပြည်တွင်းရှိ ရော်ဘာခြံများ၌ အစေးခြစ် လုပ်ငန်းများ ပြန်လည်စတင်
- အာရေးဗီကားနှင့် ရိုဘတ်စတာကော်ဖီများကို တစ်နှစ်လျှင် ပျမ်းမျှ တန်ချိန် ၇၀၀၀ ခန့် ထုတ်လုပ်လျက်ရှိ
- ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၃ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ရန်နှင့် လယ်ယာကဏ္ဍမှ နှစ်ရာခိုင်နှုန်းကျော်၊ စက်မှုကဏ္ဍမှ လေးရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍမှ လေးရာခိုင်နှုန်းကျော်တိုးတက်ရန် ရည်မှန်းထား
- စက်မှုလုပ်ငန်းများအတွက် ဒေသတွင်း မူပိုင်ခွင့်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် လမ်းညွှန် စာအုပ်ကို ဝက်ဘ်ဆိုက်များတွင် လွှင့်တင်ထား

### ပြည်ပကုန်သွယ်မှုသတင်း

- မြန်မာနှင့် အိန္ဒိယနိုင်ငံတို့အကြား မတ်ပဲနှင့်ပဲစင်းငုံ ရောင်းဝယ်မှုပူးပေါင်း ဆောင်ရွက်ရေး ဆိုင်ရာ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိ
- မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂ (Myanmar Rice Conference – 2022) အား အောင်မြင်စွာ ကျင်းပပြီးစီး
- မြန်မာပဲမျိုးစုံကို ရူပီးငွေကြေးနဲ့ ဝယ်ယူခွင့်ရဖို့ အိန္ဒိယတောင်းဆို

ကုန်သွယ်မှုသတင်းအချက်
အလက်နှင့်သုတေသန
ဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၄၁၆
http://www.myantrade.org
myantradetir2018@gmail. com

- ရုရှားနိုင်ငံမှ ငါးများ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ပြီး ပြန်ပို့ရန်စီစဉ်

**အထူးဆောင်းပါးများ**

- တရုတ်အစိုးရ၏ လျှပ်စစ်ယာဉ်ဆိုင်ရာမူဝါဒများ၊ ထုတ်လုပ်သူများ၏ တုံ့ပြန်မှုများနှင့် ယင်းကဏ္ဍဆိုင်ရာ အနာဂတ် မျှော်မှန်းချက်အခြေအနေများ

**ကုန်သွယ်မှုအခြေအနေ၊**

**ကုန်စည်စျေးနှုန်းများ**

## ပြည်တွင်းဈေးကွက်

### ကျိုက်လတ်မြို့နယ်တွင် နာနတ်သီးများ ဝယ်လိုအားကောင်းလာပြီး ဈေးကောင်းရရှိနေ

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် နာနတ်သီးများ ဝယ်လိုအားကောင်းလာပြီး ၁၅ လုံး ပါတစ်အိတ်လျှင် ကျပ် ၉၅၀၀ ထိဈေးကောင်းရရှိနေကြောင်း ကျိုက်လတ်မြို့ရှိ သစ်သီးစုံပွဲရုံ ရောင်းဝယ်ရေး လုပ်ငန်းများထံမှ သိရသည်။

ကျိုက်လတ်မြို့နယ်တွင် ပြီးခဲ့သည့် ဩဂုတ်လက နာနတ်သီး ၁၅ လုံးပါတစ်အိတ်လျှင်ကျပ် ၃၅၀၀ သာဈေးရှိခဲ့ပြီး ယခုလက်ရှိ စက်တင်ဘာလအတွင်းတွင် နာနတ်သီး ၁၅ လုံးပါ တစ်အိတ်လျှင် ကျပ် ၉၅၀၀ ထိဈေးရရှိနေကြောင်း ယခုနှစ် နာနတ်သီးစိုက်ပျိုးသည့်အချိန်က စိုက်ပျိုးရေးသွင်းအားစုစရိတ်မြင့်တက်ခဲ့ခြင်းကြောင့် စိုက်ပျိုးသူလျော့နည်းခဲ့သဖြင့် နာနတ်သီးထွက်ရှိမှုနည်း၍ ဈေးကောင်းရရှိခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နာနတ်သီးပေါက်ဈေးနှုန်းကောင်းတော့ စိုက်တဲ့သူတွေ အဆင်ပြေတာတွေ့ရတယ်။ နာနတ်သီးက ဒီနှစ် ပြည်ပပို့ရတာ နည်းသွားတယ်။ ဒါပေမဲ့ ပြည်တွင်းမှာရောင်းအားရှိနေပါတယ်။ အထွက်လည်းနည်းတယ်။ ဒါကြောင့် ဈေးကောင်းရရှိနေတာပါ။ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့နေတယ်။ ဒီနှစ် ဈေးကောင်းရရှိတဲ့အပြင် ရာသီဥတုလည်း ကောင်းတော့ တောင်သူတွေ အဆင်ပြေတာတွေ့ရတယ်"ဟု ကျိုက်လတ်မြို့နယ်ရှိ သစ်သီးစုံပွဲရုံ ရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်အိအိငွေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် နာနတ်သီးများကို ကျေးလက်ဒေသများက အများဆုံးစိုက်ပျိုးကြပြီး တစ်ဦးလျှင် တစ်ဧကမှ ငါးဧကအထိ စိုက်ပျိုးကြကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

### ရာသီပေါ် ဝါးပိုးဈေးကွက်

ကျိုင်းတုံမြို့ မြို့မဈေးကြီးတွင် စက်တင်ဘာလမှစ၍ ရာသီစာ အစားအစာတစ်မျိုးဖြစ်သည့် ဝါးပိုးများကို ဈေးကွက်ထဲ ရောင်းချလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဝါးပိုးများကို သဘာဝအလျောက် အလေ့ကျပေါက်လေ့ရှိသည့် ဝါးပင်များမှ ရရှိကြောင်း သိရှိရသည်။

ပေါ်ဦးပေါ်ဖျားတွင် ဝါးပိုး အစိမ်းအကောင်သေးလျှင် ၁၀ ကျပ်သားကို ကျပ် ၆၀၀၀၊ ၇၀၀၀ ၊ အကောင်ကြီးလျှင် ၁၀ ကျပ်သားကို ကျပ် ၈၀၀၀၊ ၉၀၀၀ ဈေးရရှိသည်။ ဝါးပိုးသည် ကျိုင်းတုံမြို့နယ် ဝမ်တာပုံ၊ ဝမ်တာပင်း၊ ပန်ကြူ၊ မိုင်းခွန်၊ ပင်တောက်အုပ်စုများတွင် အလေ့ကျပေါက်သည့် ဝါးပင်မှရရှိသော ပိုးတစ်မျိုးဖြစ်သည်။

ဝါးပိုးသည် စက်တင်ဘာလတွင် စပေါ်၍ ဝါးပိုးအစိမ်းကို ၁၀ လ၊ ၁၁ လပိုင်းထိသာ ရရှိနိုင်သည်။ ဝါးပိုးအစိမ်း ၁၀ ကျပ်သားကို ကြော်လျှင် လေးကျပ်သား၊ ငါးကျပ်သားခန့်ရရှိသည်။ ဝါးပိုးကြော် ၁၀ ကျပ်သား တစ်ထုပ်လျှင် ၂၀၀၀၀ ကျပ်မှ ၂၂၀၀၀ ကျပ်ခန့်ဈေးရှိသည်။ ဝါးပိုးကို ဆားထည့်ကြော်ပြီး ထားသိုထုပ်ပိုးမှုကောင်းလျှင် ၁၀ လ၊ ၁၂ လခန့် ထားခံကြောင်း အရောင်းအဝယ်ပြုလုပ်သူထံမှ သိရသည်။ Source: CommerceJournal

### ရန်ကုန်ဈေးကွက်တွင် အဝယ်လိုက်နေသော လပွတ္တာငါးခြောက်

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ထွက်ရှိသည့် ငါးခြောက်များ ရန်ကုန်ဈေးကွက်တွင် ဝယ်ယူမှု အားကောင်း လာခြင်းကြောင့် အရောင်းသွက်နေကြောင်း လပွတ္တာမြို့မှ ရွှေပင်လယ် ငါးခြောက်စုံ ရောင်းဝယ်ရေးလုပ်ငန်းရှင် ကပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ထွက်ရှိသော ငါးခြောက်များ စက်တင်ဘာလ ဒုတိယပတ်မှစ၍ ရန်ကုန်ဈေးကွက်တွင် ဝယ်ယူမှု အားကောင်းကြောင်း၊ အဆိုပါ ဒေသမှထွက်ရှိသော ငါးခြောက်စုံကို တစ်ရက်လျှင် ပိဿာချိန် ၃၀,၀၀၀ မှ ၅၀,၀၀၀ ထိ

ရောင်းအားရှိနေကြောင်း သိရသည်။ "သီတင်းကျွတ်၊ တန်ဆောင်မုန်းလတွေက အခြားလတွေထက် အလှူအတန်းများတယ်။ အလှူအတန်းတွေမှာ လပွတ္တာဒေသထွက် ငါးခြောက်တွေပဲ အသုံးပြုတာများတယ်။ လပွတ္တာမြို့နယ်က ငါးခြောက်စုံကို ရန်ကုန်ဈေးကွက်ဆီ တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ တစ်နှစ်ပတ်လုံး တင်ပို့ရောင်းချနေပေမဲ့ ပြီးခဲ့တဲ့ စက်တင်ဘာလ ဒုတိယပတ်ကနေ ရောင်းအားသိသိသာသာတက်ခဲ့ပြီး ဒီကနေ့(၇.၁၀.၂၀၂၂)ထိ အရောင်းသွက်နေပါတယ်။ ငါးပိ၊ ငါးခြောက် လုပ်ငန်းမှာ ဝယ်ယူမှုအားကောင်းရင် ကောင်းသလို လုပ်သားတွေကော၊ အလုပ်ရှင်တွေကော အဆင်ပြေကြတယ်။ တစ်ရက်ကို ငါးခြောက်စုံပိဿာချိန် ၁၅၀၀ ကနေ ၁၀၀၀၀ ထိပဲ ရောင်းအားရှိခဲ့တာပါ။ အခြားဒေသက ငါးပိ၊ ငါးခြောက်တွေ ရန်ကုန်ကို အဝင်နည်းနေသေးတာကြောင့် အခုလိုဝယ်ယူမှုအားကောင်းနေတာဖြစ်ပါတယ်" ဟု လပွတ္တာမြို့မှ ရွှေပင်လယ် ငါးခြောက်စုံ ရောင်းဝယ်ရေးလုပ်ငန်းရှင် ကပြောပြသည်။

လပွတ္တာမြို့နယ်မှ ထွက်ရှိသော ငါးခြောက်များဖြစ်သည့် ငါးကွမ်းရှပ် (ငါးညို)ခြောက်၊ ငါးလိပ်ကျောက်၊ ငါးပုတ်သင်၊ ပင်လယ်ငါးပြေမ၊ ငါးဖောင်ရိုး၊ ငါးနီတူ စသည့် ငါးခြောက်များအရောင်းသွက်နေကြောင်း အဆိုပါ ငါးခြောက်များ၏ လက်ရှိ ပေါက်ဈေးသည် ငါးကွမ်းရှပ် (ငါးညို)ခြောက် တစ်ပိဿာလျှင် ကျပ် ၂၃,၅၀၀ မှ ၃၇,၅၀၀၊ ငါးလိပ်ကျောက်ခြောက် ပိဿာလျှင် ကျပ် ၁၈,၅၀၀၊ ငါးပုတ်သင်ခြောက်ပိဿာလျှင် ကျပ် ၂၇,၀၀၀၊ ပင်လယ်ငါးပြေမခြောက် တစ်ပိဿာလျှင် ကျပ် ၃၇,၅၀၀၊ ငါးဖောင်ရိုးခြောက်တစ်ပိဿာလျှင် ကျပ် ၂၈,၅၀၀၊ ငါးနီတူခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၃,၅၀၀ ဈေးရှိနေကြောင်း သိရသည်။

Source:[https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5108-five-or-six-moonflowers-being-bought-in-the-yangon-market.html](https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5108-five-or-six-moonflowers-being-bought-in-the-yangon-market.html)

## မန္တလေးဈေးကွက်တွင် ပဲပုပ်(ရှမ်း) အရောင်းအဝယ်ကောင်းလာပြီး ၅၃ ပိဿာဝင်တစ်အိတ်လျှင် ကျပ် ၁၆၆,၀၀၀ ပေါက်ဈေးရှိလာ

မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ရှမ်း) အရောင်းအဝယ်ကောင်းလာပြီး ၅၃ ပိဿာဝင်တစ်အိတ်လျှင် ကျပ် ၁၆၆,၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

စက်တင်ဘာလ ပထမပတ်အတွင်းက ပဲပုပ်(ရှမ်း)များ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ် အေးနေခဲ့ကြောင်း၊ ယခုအခါ ပဲပုပ် (ရှမ်း)များကို ပြည်ပက ဝယ်ယူမှုရှိလာပြီး ပြည်တွင်း၌လည်း ပဲပုပ် (ရှမ်း) များ အရောင်းအဝယ်ကောင်းလျက် ရှိကြောင်း သိရသည်။

"အခုလက်ရှိအချိန်မှာ ပဲပုပ်(ရှမ်း)တွေကို ပြည်တွင်းကော ပြည်ပကပါ ဝယ်ယူမှုအားကောင်းလာတာကြောင့် အရောင်းအဝယ်ကောင်းမွန်လာပြီး မန္တလေးဈေးကွက်ထဲမှာ ဈေးကောင်းပြန်ပြီးရနေတယ်" ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် စက်တင်ဘာလ ပထမပတ်အတွင်းက ပဲပုပ်(ရှမ်း) ဈေးနှုန်းမှာ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ကျပ် ၁၆၀,၀၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း ၂၈.၉.၂၀၂၂ ပေါက်ဈေးအရ ပဲပုပ်(ရှမ်း) ဈေးနှုန်းမှာ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ကျပ် ၁၆၆,၀၀၀ ပေါက်ဈေးရှိခဲ့ပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ပဲပုပ်(ရှမ်း)ကတော့ မန္တလေးဈေးကွက်အတွင်းကော ပြည်တွင်းအခြားမြို့တွေကပါ အဝယ်တော်တော်လေးလိုက်လာတာကြောင့် ဈေးကောင်းရနေတယ်။ အခု မန္တလေးဈေးကွက်ထဲမှာလည်း ပဲပုပ်(ရှမ်း)အသစ်တွေ ဝင်လာပြီး ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ Source: ရတနာပုံသတင်းစာ

## တနင်္သာရီတိုင်းဒေသကြီး၌ ယခုနှစ်တွင် မျှင်ကောင် ဖမ်းယူရရှိချိန်စော၍ မျှင်ငါးပိ စတင်ထုတ်လုပ်နေ

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ယခုနှစ်တွင် ယခင်နှစ်များကထက် မျှင်ငါးပိထုတ်လုပ်သည့် မျှင်ကောင်ဖမ်းယူ ရရှိချိန်စော၍ ယခုလမှစတင်ကာ မျှင်ငါးပိ ထုတ်လုပ်နေကြောင်း မြိတ်မြို့နယ်မှ မျှင်ငါးပိ ထုတ်လုပ်သူများ၏ ပြောကြားချက် အရ သိရသည်။

"ဒီလတွေထဲမှာ မျှင်ကောင်စတင်ဖမ်း ယူရရှိပါတယ်။ ဒီနှစ်က အရင်နှစ်တွေကထက် မိုးနည်းတော့ မျှင်ကောင်လေးတွေ ပိုမိုရရှိတယ်။ နှစ်တိုင်း မိုးအားကောင်းတော့ ဒီအချိန်ဆိုရင် မျှင်ကောင်ဖမ်းလို့မရဘူး။ ဒီနှစ်က မျှင်ကောင် ရရှိတာများပြီး စောတဲ့အတွက် ငါးပိထုတ်တာလည်း စောတယ်"ဟု မြိတ်မြို့နယ်မှ မျှင်ငါးပိ ထုတ်လုပ်သူ တစ်ဦးကပြောသည်။

မိုးရာသီတွင် မျှင်ကောင်မရသည့်အတွက် မျှင်ငါးပိ ထုတ်လုပ်မှုကို ရပ်နားလေ့ရှိကာ မျှင်ငါးပိထုတ်လုပ်ရန် လိုအပ်သည် များကို ပြင်ဆင်ကြပြီး နိုဝင်ဘာလတွင် မျှင်ကောင်များ ဖမ်းဆီးရရှိသည့်အတွက် မျှင်ငါးပိထုတ်လုပ်သည့် လုပ်ငန်းကို စတင်

ကြောင်း၊ လက်ရှိတွင် မြိတ်မြို့နယ်၌ ငါးပိချော တစ်ပိဿာလျှင် ကျပ် ၅၀၀၀ ရရှိပြီး ငါးပိကြမ်း တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ရရှိကြောင်းနှင့် မြိတ်မြို့နယ်မှထွက်ရှိသောငါးပိများကိုရန်ကုန်မြို့သို့ တင်ပို့ပြီး ရန်ကုန်မြို့မှတစ်ဆင့် တခြားမြို့များသို့ ပြန်လည်ဖြန့်ဖြူးကြောင်းသိရသည်။ Source: [http://www.myawady.net.mm/node/30283](http://www.myawady.net.mm/node/30283)

## မန္တလေးဈေးကွက်အတွင်း နောင်ချိုဘက်မှထွက်ရှိသည့် အာလူးများ တစ်ပိဿာလျှင် ကျပ် ၁၆၅၀ ဖြင့် ဈေးကောင်းရရှိ

မန္တလေးဈေးကွက်အတွင်း နောင်ချိုဘက်မှထွက်ရှိသည့် အာလူးများ တစ်ပိဿာလျှင် ကျပ် ၁၆၅၀ ဖြင့်ဈေးကောင်းရရှိလာကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေးဈေးကွက်အတွင်း ပခုက္ကူ ရေဦးနှင့် နောင်ချိုဘက်မှ ထွက်ရှိလာသည့်အာလူးများ အများဆုံး အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း၊ ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း နောင်ချိုဘက်မှ ထွက်ရှိသည့် အာလူးများ ကုန်စည်လက်ကျန်နည်းပါးလာ၍ ဈေးနှုန်းများလည်း မြင့်တက်လာကြောင်းသိရသည်။

"အခု ပခုက္ကူနဲ့ ရေဦးဘက်က ထွက်တဲ့အာလူးတွေ မန္တလေးဈေးကွက်အတွင်း လက်ကျန်တော်တော်လေးများနေတယ်။ နောင်ချိုဘက်ကထွက်တဲ့ အရည်အသွေးကောင်းတဲ့အာလူးတွေ မန္တလေးဈေးကွက်အတွင်းမှာ လက်ကျန်နည်းလာတာကြောင့် ဈေးတွေကလည်း တဖြည်းဖြည်းတက်လာတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း နောင်ချိုဘက်မှထွက်ရှိလာသည့် အာလူးဈေးနှုန်းမှာ စက်တင်ဘာလ ပထမပတ်အတွင်းက တစ်ပိဿာလျှင် ကျပ် ၁၅၀၀ ခန့်သာပေါက်ဈေးရှိခဲ့သော်လည်း ၂၈.၉.၂၀၂၂ ရက်နေ့တွင် မန္တလေးဈေးကွက်အတွင်း အာလူး တစ်ပိဿာလျှင် ကျပ် ၁၆၅၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"အခုလောလောဆယ်ကတော့ အာလူးဈေးကွက်က အရောင်းအဝယ်ပြန်ပြီးကောင်းလာတယ်။ ပြည်တွင်းကထွက်ရှိတဲ့ အာလူးတွေ အရောင်းအဝယ်က ဒီထက်ပိုပြီးကောင်းမွန်လာနိုင်ပြီး ဈေးကောင်းပြန်ပြီးရလာနိုင်ပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြ၍သိရသည်။ Source: ရတနာပုံသတင်းစာ

# နိုင်ငံတကာဈေးကွက်

## အီးယူဒေသ စီးပွားရေးနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ အလားအလာ

အီးယူဒေသသည် အရှေ့တောင်အာရှနိုင်ငံများ၏ အရေးပါသည့် ကုန်သွယ်မှုမိတ်ဘက်များတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ အီးယူဒေသတွင် စီးပွားရေးတိုးတက်မှု နှေးကွေးမှုရှိလာခြင်းအပေါ် အရှေ့တောင် အာရှနိုင်ငံများက သတိကြီးစွာစောင့်ကြည့်နေကြသလို အခွင့်အရေးရရှိနိုင်မှုကိုလည်း လေ့လာနေကြပါသည်။ စွမ်းအင်ကဏ္ဍအကြပ်အတည်းများနှင့် မြင့်တက်လာနေသော ငွေကြေးဖောင်းပွမှုများက ယခုနှစ်ကုန်ပိုင်းတွင် ပိုမိုခက်ခဲမှုများနှင့် ကြုံတွေ့ရနိုင်ကြောင်း၊ နေထိုင်မှုစရိတ်မြင့်တက်လာမှုများက စားသုံးမှုစရိတ်များကို လျော့ကျလာစေနိုင်ကြောင်း ခန့်မှန်းထားရှိကြပါသည်။

Bloomberg economist ဖြစ်သူ Ms. Tamara Henderson က အီးယူဒေသ၏ စီးပွားရေးကျဆင်းလာမှုက အရှေ့တောင်အာရှနိုင်ငံများ၏ ပို့ကုန်၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုများကို ကြီးမားစွာ သက်ရောက်မှုရှိစေနိုင်ကြောင်း၊ နှစ်စဉ် စီးပွားရေးတိုးတက်မှုများ နှေးကွေးလာနိုင်ဖွယ်ရှိကြောင်း၊ တစ်ဖက်တွင်လည်း အရှေ့တောင်အာရှနိုင်ငံများတွင် စီးပွားရေးကဏ္ဍ ပြန်လည်ဖွင့်လှစ်ခြင်းများကို တစ်ဖြည်းဖြည်းပြန်လည်ပြုလုပ်လာနေပြီး အီးယူဒေသ စီးပွားရေးအကြပ်အတည်းများမှ ပို့ကုန်များပိုမိုတိုးမြှင့်တင်ပို့ခြင်းဖြင့် အခွင့်အလမ်းများ ရယူနိုင်မည့်အလားအလာတွင် ရှိနေကြောင်း ပြောဆိုခဲ့ပါသည်။

အီးယူဘက်မှ စာရင်းအင်းအချက်အလက်များအရ အာဆီယံနိုင်ငံများက အီးယူနိုင်ငံများသို့ တင်ပို့မှုသည် ၂၀၂၀ ခုနှစ်တွင် ယူရို (၁၂၀) ဘီလီယံမှ ၂၀၂၁ ခုနှစ်တွင် ယူရို (၁၃၆) ဘီလီယံ ခန့်ရှိခဲ့ပါသည်။ အာဆီယံဘက်မှ စာရင်းအင်း အချက်အလက်များအရ ၂၀၂၁ ခုနှစ်တွင် အီးယူအဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုသည် အာဆီယံဒေသတွင်း ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ (၁၅) ရာခိုင်နှုန်းရှိပါသည်။ ခရီးသွားကဏ္ဍတွင်မူ အီးယူနိုင်ငံများက အာဆီယံဒေသသို့ လာရောက်မှုသည် စုစုပေါင်းခရီးသွားဝင်ရောက်မှု၏ ၅ ရာခိုင်နှုန်းခန့်သာရှိသော်လည်း ပိုမိုလာရောက်နိုင်ဖွယ်ရှိကြောင်း ခန့်မှန်းထားရှိပါသည်။ အာဆီယံနိုင်ငံများမှ အီးယူသို့ပို့ကုန်သည် ၂၀၂၁ ခုနှစ်တွင် ဗီယက်နမ်ပို့ကုန်၏ ၁၁ ရာခိုင်နှုန်း၊ မလေးရှားပို့ကုန်၏ ၁၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားပို့ကုန်၏ ၂၀ ရာခိုင်နှုန်းခန့်ရှိခဲ့ပါသည်။ ဗီယက်နမ်ပို့ကုန်သည် ယခုနှစ် ပထမနှစ်ဝက်ကာလအတွင်း ယခင်နှစ်ကာလတူထက် ၄၅ ရာခိုင်နှုန်းပိုမိုတင်ပို့နိုင်ခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ စာရင်းအင်းအချက်အလက်များကထုတ်ပြန်ခဲ့ပါသည်။ အာဆီယံနိုင်ငံများက အီးယူမှ တင်သွင်းမှုသည် ၂၀၂၁ ခုနှစ်အတွင်း ယူရို (၈၀) ဘီလီယံခန့်ရှိခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၂၀၂၂ ခုနှစ်အတွက် ကမ္ဘာ့ဂျီဒီပီတိုးတက်မှုနှုန်းကို မူလခန့်မှန်းထားသည့် ၃ ဒသမ ၆ ရာခိုင်နှုန်းမှ ၃ ဒသမ ၂ ရာခိုင်နှုန်းသို့ ပြောင်းလဲခန့်မှန်းထားပြီး ၂၀၂၃ ခုနှစ်အတွက် ၂ ဒသမ ၉ ရာခိုင်နှုန်း ခန့်မှန်းထားရှိပါသည်။ အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ် (ADB) ကလည်း အာရှဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ၂၀၂၂ ခုနှစ်အတွက် မူလ (၅ ဒသမ ၂) ရာခိုင်နှုန်းမှ (၄ ဒသမ ၆) ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၀၂၃ ခုနှစ်အတွက် မူလ (၅ ဒသမ ၃) ရာခိုင်နှုန်းမှ (၅ ဒသမ ၂) ရာခိုင်နှုန်းသို့လည်းကောင်း လျှော့နည်းခန့်မှန်းထားရှိပါသည်။

Source: https://www.dw.com/en/eu-recession-fears-spark-concern-in-southeast-asia/a-63072169

Source: သီတာဝင်းဌေး--စီးပွားရေးသံမှူး၊

## တရုတ်ယွမ် ပြည်ပတွင် ဒေါ်လာနှင့် လဲနှုန်း စံချိန်တင် ကျဆင်းခဲ့

စက်တင်ဘာလ ၂၈ ရက် ဗုဒ္ဓဟူးနေ့တွင် တရုတ်နိုင်ငံ၏ ယွမ်ငွေသည် ပြည်ပဈေးကွက်များတွင် အမေရိကန် ဒေါ်လာနှင့်လဲနှုန်း စံချိန်တင်အနိမ့်ဆုံးသို့ရောက်ရှိခဲ့သည်။ ကမ်းလွန်ယွမ် offshore yuan ဟုခေါ်ကြသော ယွမ်သည် တရုတ်နိုင်ငံပြည်ပတွင် ရောက်ရှိနေသောယွမ်များကို ဆိုလိုသည်။ အရောင်းအဝယ်ပြုကြရာတွင် ပြည်တွင်းဈေးကွက်တွင် ရောင်းဝယ်သည်ထက်ပိုလွတ်လပ်သည်။ ပြည်ပဈေးကွက်ထဲ ရောင်းဝယ်ကြသည့် ကမ်းလွန်ယွမ်၏ ဒေါ်လာနှင့် လဲနှုန်းသည် ဗုဒ္ဓဟူးနေ့တွင် ၇ ဒသမ ၂၃၈၆ အထိ ကျဆင်းခဲ့ပါကြောင်း Bloomberg သတင်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ ပြည်တွင်းမှာ ရောင်းဝယ်သည့် ယွမ်ကို "ကုန်းတွင်းယွမ် onshore yuan" ဟု ခေါ်ဝေါ်ကြပြီး ဗဟိုဘဏ်ရည်ညွှန်းဈေးထက် ၂ ရာခိုင်နှုန်းအတိုးအလျော့ (±2%) ဘောင်အတွင်းမှာသာ ရောင်းဝယ်ကြရသည်။ ကုန်တွင်းယွမ်ဒေါ်လာလဲနှုန်းသည်လည်း ၁၄ နှစ်တာအတွင်း အနိမ့်ဆုံးသို့ ရောက်ရှိခဲ့သည်။ ဗုဒ္ဓဟူးနေ့တွင် ကန်တစ်ဒေါ်လာ ၇ ဒသမ ၂၂၉၇ ယွမ်သို့ ကျဆင်းခဲ့ပါသည်။

တရုတ်ဗဟိုဘဏ် Bank of China က ဈေးကွက်ထဲ တိုက်ရိုက်စွက်ဖက်ခြင်း မဟုတ်သော နည်းလမ်းဖြင့် ယွမ်တန်ဖိုးကို ထိန်းသည်။ နိုင်ငံခြားသုံးငွေ အရန်ငွေထားရှိရမည့် အချိုးအစားကို မြင့်တင်ပြီး ယွမ်ကို ထောက်ကန်ပေးသည်။ ယွမ်တန်ဖိုး ဆက်လက်ကျဆင်းနေသည်။

မကြာသေးမီလများအတွင်း Covid နှင့် ဆက်နွှယ်သော လော့ဒေါင်းချခြင်းများ၊ အပူပြင်းထန်သော ရာသီဥတုနှင့် အိမ်ခြံမြေဈေးကွက် ကျဆင်းမှုကြောင့် တရုတ်စီးပွားရေးကို ထိခိုက်နေပါသည်။ သို့ဖြစ်ရာ "ဗဟိုဘဏ်အနေနဲ့ အနည်းဆုံး အနေဖြင့် အရင်ကထက်ပိုပြီးအာရုံစိုက်ရပါလိမ့်မယ်"ဟု Tianfeng Securities မှ ဆန်းစစ်သူတို့က ရေးသားကြသည်။

Source:Bloomberg

Source: https://www.industrialdirectory.com.mm/article/yuan-hits-record-low-against-dollar.html

## အာရှတွင် စားအုန်းဆီပျိုးပင်ပေါက်များ ပြတ်လပ်မှုရှိနေ

အရှေ့တောင်အာရှမှ အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ အပါအဝင် အာရှနိုင်ငံအများအပြားက စားအုန်းဆီအထွက်တိုးရေးအတွက် လုံးပန်းနေကြသော်လည်း ပျိုးပင်ပေါက်များနှင့် မျိုးစေ့များ လိုအပ်နေသည့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်းသိရသည်။ မျိုးစေ့ပြတ်လပ်မှုသည် စိုက်ပျိုးရေးကဏ္ဍကို အရှိန်လျော့ကျစေနိုင်ပြီး ကုန်ထုတ်လုပ်မှုကိုလည်း အကန့်အသတ်ဖြစ်စေသည်။ အာရှဒေသမှ နိုင်ငံများသည် ချက်ပြုတ်ခြင်း၊ မုန့်ဖုတ် ခြင်းနှင့်အလှကုန်ပစ္စည်းများတွင် အသုံးပြုသည့် စားအုန်းဆီ၏ ၉၀ ရာခိုင်နှုန်းကျော်ကို ထုတ်လုပ်နေပြီး ဈေးသက်သာမှုလည်းရှိနေသည်။

နိုင်ငံအများစုက ကိုဗစ်ဒဏ်ကို ကျော်ဖြတ်နိုင်ခဲ့သော်လည်း ယခု ၂၀၂၂ ခုနှစ်အတွင်း စားအုန်းဆီထုတ် လုပ်မှုသည် တိုးမြင့်လာမှုမရှိဘဲ ထုတ် လုပ်မှုကျဆင်းနေကြောင်း သိရသည်။ ထိုသို့ဖြစ်ရခြင်းမှာ အလုပ်သမားရှားပါး မှုကလည်း တစ်စိတ်တစ်ပိုင်းပါဝင်နေကြောင်းသိရသည်။

ကိုဗစ်ကပ်ရောဂါ ကာလအတွင်း ဝယ်လိုအားနည်းပါးမှုကြောင့် ဆီအုန်းပျိုးပင်ထုတ်လုပ်မှုကို လျှော့ချမှုရှိခဲ့ကြောင်းနှင့်ပျိုးပင်များအတွက် မျိုးစေ့အပင်ဖောက်ခြင်းကျဆင်းခဲ့ရသည်။ ထိုကဲ့သို့အခြေအနေများတွင်ဝယ်လိုအားက ပြန်လည်မြင့်တက်လာခြင်းကြောင့် ဈေးကွက်တွင် စားအုန်းဆီပျိုးပင်ပေါက်များ ပြတ်လပ်မှုရှိလာခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် ကမ္ဘာပေါ်တွင် စားအုန်း ဆီထုတ်လုပ်မှု၏ ၈၀ ရာခိုင်နှုန်းကျော်ကို ပိုင်ဆိုင်ထားကြသည်။

လက်ရှိအချိန်တွင်လည်း ဆီအုန်းစိုက်ပျိုးသူများသည် ထွက်ရှိမှု နည်းပါးလာသည့် ဆီအုန်းအပင်ဟောင်းများ နေရာတွင် အပင်သစ်များကို အလျင်အမြန် အစား ထိုးစိုက်ပျိုးရန် အဓိကအလေးပေးနေ ကြပြီဖြစ်သည်။ ဆီအုန်းမျိုးစေ့များကို ပျိုးထောင်ရာတွင် အပင်ပေါက်ရန်အတွက် တစ်နှစ်ကျော် ကြာမြင့်ခြင်းကြောင့် ဆီအုန်းပျိုးပင် စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ဝယ်လိုအားကို အချိန်မီဖြည့်တင်း နိုင်မည်မဟုတ်ကြောင်း သိရသည်။ မလေးရှားနိုင်ငံသည် တစ်နှစ်လျှင် မျိုးစေ့အပင်ပေါက် သန်း

၈၀ အထိ ထုတ်လုပ်နေပြီး အင်ဒိုနီးရှားနိုင်ငံက သန်း ၂၀၀ ခန့်အထိ ထုတ်လုပ်နိုင် ကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံသည် ၎င်းတို့၏ ပျိုးပင်ပေါက် ၉၅ ရာခိုင်နှုန်းကို ပြည်တွင်း၌ အသုံးပြုပြီး ကျန်သည့် ငါးရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့နေသည်။ အိန္ဒိယနိုင်ငံသည် ၂၀၂၂ ခုနှစ် တွင် ဆီအုန်းပျိုးပင်ပေါက် သန်း ၂၀ ခန့်အထိလိုအပ်နေသော်လည်း လက်ရှိအချိန်တွင် ယင်းလိုအပ်ချက်ထဲမှ ၇၅ ရာခိုင်နှုန်းသာရရှိထားကြောင်းသိရသည်။ Source;Reuters

Source: https://www.commerce.gov.mm/my/article/

## ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးမြှင့်တင်ရေးအတွက် ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ရန် သဘောတူ

ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးမြှင့်တင်ရာ၌ ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြောင်းနှင့် ထိုသို့တိုးမြှင့်ရခြင်းမှာ ကျေးလက်နေ ပြည်သူများ၏ဝင်ငွေ တိုးတက်စေရန် ရည်ရွယ်ကြောင်း ထိုင်းစိုက်ပျိုးရေး အရာရှိတစ်ဦးက ဩဂုတ်လ ၂၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးနှုန်းမြှင့်တင်ရေးအတွက် ထိုင်းနှင့် ဗီယက်နမ်တို့က ပထမဆုံးအကြိမ် သဘောတူခဲ့ခြင်း ဖြစ်ကြောင်း ထိုင်းနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သမဝါယမဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် Alongkorn Ponlaboot က ဗီယက်နမ်အရာရှိများနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ထိုင်းနှင့် ဗီယက်နမ်တို့၏ ဆွေးနွေးပွဲကို မေလတွင် စတင်ခဲ့ပြီး ရည်ရွယ်ချက်မှာ ၎င်းတို့၏ ဆန်တင်ပို့မှု ဈေးနှုန်းကို မြှင့်တင်ရန်၊ ကမ္ဘာ့ဈေးကွက်တွင် ၎င်းတို့၏ ဩဇာလွှမ်းမိုးမှုကို မြှင့်တင်ရန်နှင့် လယ်သမားများ၏ ဝင်ငွေကို မြှင့်တင်ရန်ဖြစ်ကြောင်း ထိုင်းနိုင်ငံမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ နှစ်နိုင်ငံသည် ကမ္ဘာ့ဆန်ကြမ်း ထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းခန့်နှင့် ကမ္ဘာ့ပို့ကုန်တင်ပို့မှု၏ ၂၆ ရာခိုင်နှုန်းခန့် ရှိကြောင်း အမေရိကန်စိုက်ပျိုးရေးဌာနမှ သိရသည်။

ဈေးနှုန်းတက်ရခြင်းမှာ မည်သည့်အချိန်တွင် စတင်အကျိုးသက်ရောက်မည်ကို ချက်ချင်းသိရှိခြင်းမရှိသေးပေ။ ယခု ကျင်းပသောဆွေးနွေးပွဲ၏ အကျဉ်းချုပ်နှင့် ဈေးနှုန်းများ ပူးတွဲမြှင့်တင်ရန် အကြံပြုချက်များကို နှစ်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီး များထံ သတ်မှတ်ဖော်ပြမထားသည့်ရက်စွဲဖြင့် တင်ပြသွားမည်ဖြစ်ကြောင်း Alongkorn က ပြောကြားခဲ့သည်။

ဗီယက်နမ်စားနပ်ရိက္ခာအသင်းအဖွဲ့နှင့် ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့ ထံကမှု ရိုက်တာက တုံ့ပြန်မှုမရကြောင်းသိရသည်။ Source: Reuters

Source: ဒေါက်တာရွှေစင်ကို(ကုန်သွယ်ရေးဦးစီးဌာန)

## အိန္ဒိယနိုင်ငံ၏ ပို့ကုန် ကုန်ထုတ်လုပ်ငန်းများ ဝယ်လိုအားခန်းခြောက်သဖြင့် အခက်ကြုံ

အမေရိကန်နှင့် ဥရောပ ဈေးကွက်များမှာ ဝယ်လိုအားခန်းခြောက်နေသဖြင့် အိန္ဒိယနိုင်ငံ၏ ပို့ကုန် ကုန်ထုတ်လုပ်ငန်း များ အများအပြားတို့သည် ထုတ်လုပ်နိုင်စွမ်း၏ ၂၅-၅၀ ရာခိုင်နှုန်းကိုသာထုတ်လုပ်နေကြရသည်။ အလုပ်ချိန် ၃ ဆိုင်းဖြင့် လည်ပတ် သော စက်ရုံများကို အလုပ်ချိန် ၂ ဆိုင်း လျှော့ချ ရပ်နားထားရပြီး ၁ ဆိုင်းတည်းဖြင့်သာ လည်ပတ်နေကြရသည်။

စံချိန်တင်မြင့်မားသော ငွေကြေးဖောင်းပွမှုနှင့် တင်းကျပ်သော ငွေကြေးမူဝါဒများကြောင့် စားသုံးသူများ၏ စိတ်ဓာတ် ရေးရာကျဆင်းနေခြင်းများကြောင့် ဖွံ့ဖြိုးပြီး ကမ္ဘာ့စီးပွားရေးများတွင် အိန္ဒိယ၏ ပို့ကုန်များသည် ဝယ်လိုအား ကျဆင်းသွားခဲ့ သည်။ မှာကြားထားသူတို့က ကုန်ချော ပေးပို့ခိုင်းရာ၌ အချိန်ဆွဲထားသဖြင့် နှောင့်နှေးနေပြီး ကြိုတင်အမှာစာများ ယခင်က ၆ လစာကြိုတင်ရရှိနေခဲ့ရာမှ ယခုအခါ တစ်လ တစ်လခွဲစာမျှသာရရှိတော့သည်။ "အိန္ဒိယနဲ့ အာဖရိကဈေးကွက်တွေက ကောင်းမွန်နေချိန်မှာ အမေရိကန်နဲ့ အီးယူတို့ရဲ့ အမှာစာတွေက အားရစရာမရှိပါဘူး" ဟု Avon Cycles ၏ ဥက္ကဋ္ဌနှင့် မန်နေဂျင်းဒါရိုက်တာ Onkar Singh Pahwa က ပြောကြားသည်။ "အမေရိကန်နှင့် ဥရောပဈေးကွက်များအတွက် ရည်ရွယ် ထားတဲ့ ကျွန်တော်တို့ရဲ့ စက်ရုံကအပြည့်မလည်နိုင်ဘူး။ ၅၀ ရာခိုင်နှုန်းဖြင့် လည်ပတ်နေရပါတယ်"ဟု သူကပြောသည်။ ထုတ်လုပ်သူအများအပြားတို့သည် ထုတ်လုပ်မှုများ လျှော့ချထားရသဖြင့် အလုပ်ချိန် ၃ ဆိုင်းအစား ၁ ဆိုင်း တည်းဖြင့် စက်ရုံ လည်ပတ်နေကြရကြောင်း Ludhiana Hand Tools Association ၏ ဥက္ကဋ္ဌ SC Ralhan က ပြောကြားသည်။ "ရုရှား-ယူကရိန်းစစ်ပွဲ မပြီးသေးသရွေ့ အခြေအနေက ဆိုးရွားနေဦးမယ်လို့ ကျွန်တော်တို့ မျှော်လင့်ထားပါတယ်။ ပြီးခဲ့တဲ့နှစ် ဧပြီလနဲ့ ဩဂုတ်လအတွင်း ကျွန်တော်တို့ရဲ့ ပို့ကုန်က ၁၅ ရာခိုင်နှုန်း ကျဆင်းသွားပါတယ်"ဟု သူက ပြောသည်။

အိန္ဒိယ၏ ကုန်ပစ္စည်းတင်ပို့မှုသည် ဩဂုတ်လတွင် ၁ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ နောက်ပိုင်း ပထမဆုံးအကြိမ်ကျဆင်းခဲ့ခြင်းဖြစ်သည်။ ချည်မျှင်၊ အထည်အလိပ်နှင့် လက်လုပ်ထည်ပစ္စည်းများ တင်ပို့မှုမှာ

လွန်ခဲ့သည့်နှစ်ကထက် ၃၂ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ အင်ဂျင်နီယာဆိုင်ရာ ကုန်ပစ္စည်းများ တင်ပို့မှုသည် တစ်လအတွင်း ၁၄ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းသွားသည်။

ဇူလိုင်လတွင် IMF က ထုတ်ပြန်ခဲ့သော World Economic Outlook အစီရင်ခံစာတွင် IMF များသည် ၂၀၂၂ ခုနှစ်အတွက် ကမ္ဘာ့စီးပွားရေး ကြီးထွားနှုန်းသည် ၃ ဒသမ ၂ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားသည်။ ၂၀၂၁ ခုနှစ်တွင် ၆ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ရှည်လျားသော စစ်ပွဲကြောင့် ဥရောပမှ ဝယ်လိုအားကိုပျက်စီးစေသည်ဟု အထည်ချုပ်တင်ပို့ရောင်းချသူများကပြောသည်။ ကမ္ဘာ့လက်လီရောင်းချသူ အများစုသည် ပစ္စည်းလက်ကျန် မြင့်မားနေသဖြင့် အိန္ဒိယထံမှ ဝယ်ယူမှုများလျော့ကျနေစေသည်။ ငွေကြေးဖောင်းပွမှုနှင့် စံချိန်တင်မြင့်မားသော စွမ်းအင်ဈေးနှုန်းများသည် ဝယ်လိုအားနေးကွေးမှုကို ပိုဆိုးဝါးစေသည်။

"ကုန်ထုတ်လုပ်ငန်းတော်တော်များများက သူတို့ရဲ့ အလုပ်သမားတွေကို တစ်ပတ်ကို ၂ ရက်ကနေ ၃ ရက်လောက် နားခွင့်ပေးထားရပါတယ်"ဟု Tiruppur Exporters' Association ဥက္ကဋ္ဌ Raja M Shanmugham က ပြောကြားသည်။ "အရင်က ၁ ဆိုင်း အလုပ်ချိန် ၈ နာရီဖြင့် တစ်ရက် ၃ ဆိုင်း လည်ပတ်တယ်။ အခုတော့ ဝယ်လိုအားတွေ အရမ်းနည်းနေလို့ ၁ ဆိုင်း လည်ပတ်ဖို့ကိုတောင် အနိုင်နိုင်ဖြစ်နေတယ်" ဟု သူကပြောသည်။ "ထုတ်လုပ်ပြီးသားကို ပို့ခိုင်းတာ နှောင့်နှေးနေကြပြီး အမှာစာအသစ်များလည်း ဝင်မလာတော့ပါ။ ဒါကြောင့် စက်ရုံကို စွမ်းအားပြည့် မလည်ပတ်တော့ဘဲ ၅၀-၆၀ ရာခိုင်နှုန်း ပမာဏနဲ့ လုပ်ဆောင်နေရပါတယ်။ အရင်က အနည်းဆုံးအနေဖြင့် ၈၅ ရာခိုင်နှုန်းလောက် လုပ်နေကျပါ" ဟု အထည်ချုပ်လုပ်ငန်း TT Ltd မှ မန်နေးဂျင်းဒါရိုက်တာ Sanjay Jain က ပြောကြားသည်။

"နောက်လအနည်းငယ်အတွင်း စီးပွားရေးကျဆင်းမှုကို စိုးရိမ်မှုတွေနဲ့ ဖွံ့ဖြိုးပြီးဈေးကွက်တွေမှာ အတိုးနှုန်းမြင့်မားမှုတွေကြောင့် အမှာစာတွေထိခိုက်လာလိမ့်မယ်"ဟု အိန္ဒိယနိုင်ငံ၏ အကြီးမားဆုံး ဖိနပ်ထုတ်လုပ်တင်ပို့ရေးလုပ်ငန်းများထဲမှ တစ်ခုဖြစ်သော Farida Group ဥက္ကဋ္ဌ Rafeeque Ahmed က ပြောသည်။ Farida Group သည် Adidas၊ Clarks၊ Marks & Spencer၊ Debenhams နှင့် Bally Shoes ကဲ့သို့သော အမှတ်တံဆိပ်များအတွက်ထုတ်လုပ်ပေးသည်။

Source: https://www.industrialdirectory.com.mm/article/exporters-run-into-rough-weather.html

## အာရှဒေသမှ ငှက်ပျောသီးတင်ပို့မှုတွင် ဖိလစ်ပိုင်နိုင်ငံ၏ ဈေးကွက်ဝေစုကျဆင်း

အာရှဒေသမှ ငှက်ပျောသီးတင်ပို့မှုတွင် ဖိလစ်ပိုင်နိုင်ငံ၏ တင်ပို့မှုဈေးကွက်ဝေစုကျဆင်းခဲ့ကြောင်း သိရပါသည်။ ကမ္ဘာ့ဒုတိယအများဆုံး ငှက်ပျောသီးတင်ပို့သူဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ၏ တင်ပို့မှုဈေးကွက်ဝေစုမှာ ယခင်နှစ်တွင် ၉၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ဒေသတွင်း ငှက်ပျောသီးစိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံများ၏ ယှဉ်ပြိုင်မှုတိုးတက်လာခြင်းကြောင့် ၂၀၂၁ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံ၏ ငှက်ပျောတင်ပို့မှုသည် ယခင်နှစ် မက်ထရစ်တန်ချိန် ၃ ဒသမ ၈ သန်းမှ ၂၀၂၁ ခုနှစ်တွင် ၂ ဒသမ ၄ သန်းသို့ ကျဆင်းခဲ့ပြီး၊ ယခင်နှစ်နှင့် နှိုင်းယှဉ်ချက်အရ ၃၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (Food and Agriculture Organization– FAO) ၏ ငှက်ပျောသီးဈေးကွက် သုံးသပ်ချက်အစီရင်ခံစာက ဖော်ပြပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ပနားမား ပင်ညှိုးရောဂါ (Panama disease/Fusarium Wilt) တို့၏ ရိုက်ခတ်မှုဒဏ်ခံရခြင်း၊ ဟာရီကိန်းမုန်တိုင်းကြောင့် လေလွင့်ဆုံးရှုံးမှုနှင့် သွင်းအားစုစရိတ် မြင့်မားခြင်းတို့ကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ ငှက်ပျောစိုက်ပျိုးထုတ်လုပ်မှုပိုင်း၌ အခက်အခဲများရှိ နေစဉ်တွင် ဒေသတွင်းငှက်ပျောသီး ထုတ်လုပ်တင်ပို့သည့်နိုင်ငံများ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာခြင်းကြောင့် အာရှဒေသ၏ ငှက်ပျောသီးအဓိကတင်ပို့သူအဖြစ် ၎င်း၏ရပ်တည်မှုမှာ လှုပ်ခတ်လျက်ရှိသည်ဟု ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ FAO က ဆိုပါသည်။

ဖိလစ်ပိုင်ရှိ အသေးစားငှက်ပျောစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် တင်ပို့သည့်ဈေးကွက်၏အရည်အသွေးလိုအပ်ချက်နှင့် ကိုက်ညီအောင်ထုတ်လုပ်နိုင်ရေးလိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစုများ ဝယ်ယူရန်ခက်ခဲသဖြင့် ဆိုးကျိုးသက်ရောက်မှုဖြစ်ပေါ်ခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံမှ ငှက်ပျောသီးတင်ပို့မှုအတွက် အဓိကဈေးကွက်များဖြစ်ကြသော တရုတ်နှင့် ဂျပန်နိုင်ငံတို့က အရည်အသွေးပိုင်းနှင့်ပတ်သက်၍ စိုးရိမ်မှုကြောင့် small producers များထံမှ အမှာစာများကို လျှော့ချခဲ့ကြသည်ဟု သိရပါသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ငှက်ပျောစိုက်ပျိုးထုတ်လုပ်မှုအခက်အခဲများအပြင် ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် အိန္ဒိယနိုင်ငံတို့မှ ငှက်ပျောစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာသည့်အခြေအနေများကြောင့် အာရှဒေသမှ ငှက်ပျောတင်ပို့မှုတွင် ဖိလစ်ပိုင်နိုင်ငံ၏

ဈေးကွက်ဝေစုတည်မြဲရေးအပေါ် စိန်ခေါ်မှုများရှိနေပါသည်။ တရုတ်နှင့် အရှေ့အလယ်ပိုင်းနိုင်ငံများ၏ ငှက်ပျောဝယ်လိုအား ကောင်းမွန်နေသဖြင့် ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အနေဖြင့် ငှက်ပျောစိုက်ပျိုးမှုတွင် ဆက်လက် ရင်းနှီးမြှုပ်နှံသွားရန်ရှိနေကြောင်း FAO က ဆိုပါသည်။ အာရှဒေသမှ ငှက်ပျောတင်ပို့မှုတွင် ဖိလစ်ပိုင်နိုင်ငံ၏ ဈေးကွက်ဝေစု ကျဆင်းခဲ့စေကာမူ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ်တွင်လည်း ကမ္ဘာ့ဒုတိယအများဆုံး ငှက်ပျောတင်ပို့သူအဖြစ် (၄) နှစ် ဆက်တိုက် ရပ်တည်ခဲ့ကြောင်း သိရပါသည်။ ရင်းမြစ် – businessmirror.com.ph

Source: ကျော်စိန်ဝင်း (MYANTRADE)

## အိန္ဒိယနိုင်ငံမှ သကြား ပထမအသုတ် တန်ချိန် ၅ သန်း တင်ပို့ခွင့်ပြုရန် လျာထား

သကြားတင်ပို့မှု ကန့်သတ်ထားသော အိန္ဒိယနိုင်ငံသည် ပထမအသုတ်တွင် သကြားတန်ချိန် ၅ သန်း ပြန်လည်တင်ပို့ ခွင့်ပြုရန်စီစဉ်ထားသည်။ အိန္ဒိယနိုင်ငံသည် အောက်တိုဘာလမှစတင်၍ သကြားတင်ပို့သည့် ရာသီအသစ်အတွက် ပထမဆုံး အသုတ်တွင် သကြားတန်ချိန် ၅ သန်း တင်ပို့ခွင့်ပြုရန် အဆင်သင့်ဖြစ်နေကြောင်း အစိုးရသတင်းရင်းမြစ်နှစ်ခုက ရိုက်တာ သတင်းဌာနကို ပြောကြားခဲ့သည်။ "လာမယ့် ရက်သတ္တပတ်များအတွင်း သကြားတန်ချိန် ၅ သန်း တင်ပို့ခွင့်ပြုဖို့ ရည်မှန်းထား ပါတယ်။ လာမယ့် ကြံရာသီမှာ သကြားထုတ်လုပ်မှုအခြေအနေနဲ့ပတ်သက်ပြီး ပိုသိလာတဲ့အခါ နောက်ထပ် တန်ချိန် ၃ သန်း ကနေ ၅ သန်းအထိ တင်ပို့ဖို့ ကျွန်တော်တို့ ခွင့်ပြုပေးနိုင်ပါလိမ့်မယ်" ဟု အစိုးရ အရာရှိတစ်ဦးက ပြောကြားသည်။

လာမည့်နှစ်တွင် ထုတ်လုပ်မှုနှင့်ပတ်သက်၍ သေသေချာချာ ရေရေရာရာသိဖို့ နည်းနည်းစောနေသေးသော်လည်း အစောပိုင်းခန့်မှန်းချက်များအရ ၂၀၂၂-၂၀၂၃ တွင် သကြားအထွက်နှုန်းသည် ယခုနှစ်တွင် တန်ချိန် ၃၆ သန်းဝန်းကျင်သို့ ရောက် ရှိနိုင်ကြောင်း အဆိုပါအရာရှိက ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ ရာသီသစ်စတင်ချိန်တွင် ယခင်ရာသီက သကြားစက်များ၏ လက်ကျန်မှာ တန်ချိန် ၆ သန်းရှိမည်ဟု ခန့်မှန်းရပါသည်။ ယခင်နှစ်က လက်ကျန် တန်ချိန် ၈ သန်း ရှိခဲ့ပါသည်။ "ပြည်တွင်းဝယ်လိုအား၊ အီသနော ထုတ်လုပ်မှုနှင့် သကြားစက်ရုံများရဲ့ နောက်နှစ်ရာသီချိန်အထိ ထားရှိရမယ့် လက်ကျန် ပမာဏအသီးသီးတို့ကို တွက်ချက်ပြီးနောက် ၂၀၂၂-၂၃ နှစ်အတွင်း ပြည်ပတင်ပို့ဖို့ အိန္ဒိယနိုင်ငံမှာ သကြားအများကြီးရှိနေမှာပါ" ဟု ဒုတိယသတင်းရင်းမြစ်ကဆိုသည်။ "ဒါပေမဲ့လည်း ကောက်ပဲသီးနှံနဲ့ လယ်ယာထွက်ကုန်တွေကို ထိခိုက်စေတဲ့ ရာသီဥတု ဖောက်ပြန်မှုပုံစံတွေကြောင့် တစ်ကြိမ်တည်းနဲ့ တန်ချိန် ၈ သန်း ဒါမှမဟုတ် ၉ သန်း တင်ပို့ခွင့်ကို ကျွန်တော်တို့ ခွင့်မပြုချင်ပါ ဘူး"ဟု ၎င်းကပြောကြားသည်။ "ကျွန်တော်တို့ သတိထားရလိမ့်မယ်"ဟု သူကဆက်ပြောပြသည်။ အိန္ဒိယပြည်တွင်း သကြား စားသုံးမှုမှာ တစ်နှစ်လျှင် တန်ချိန် ၂၇ ဒသမ ၅ သန်းခန့်ရှိသည်။ စက်ရုံများသည် ၂၀၂၂-၂၃ ရာသီတွင် သကြားတန်ချိန် ၄ ဒသမ ၅ သန်းကို အီသနောထုတ်လုပ်မှုအတွက်သုံးစွဲရမည်။ သကြားစက်များတွင် လက်ကျန်ထားရှိရန်အတွက် တန်ချိန် ၆ သန်း လိုအပ်မည်ဖြစ်သည်။

Source: https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/5009-india-suage.html

# ပြည်တွင်းကုန်သွယ်မှုသတင်း

## ပြည်တွင်း၌ နိုင်ငံတကာနည်းတူ နမူနာကော်ဖီကို စမ်းသပ်သောက်သုံး၍ စနစ်တကျအကဲဖြတ်ပြီးမှ ကော်ဖီစေ့ကို အရောင်းအဝယ်ပြုလုပ်လာ

ပြည်တွင်း၌ ကော်ဖီစေ့များကို အရောင်းအဝယ်ပြုလုပ်ရာတွင် နိုင်ငံတကာနည်းတူ နမူနာကော်ဖီကို စမ်းသပ် သောက်သုံးကာ စံနှုန်းများနှင့်အညီ စနစ်တကျအကဲဖြတ်ပြီးမှ အရောင်းအဝယ်ပြုလုပ်လာကြောင်း ပြင်ဦးလွင်မြို့ရှိ ကော်ဖီ သုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီလာထွန်းက ပြောပြ၍ သိရသည်။

ယခင်က ပြည်တွင်းဈေးကွက်၌ ကော်ဖီစေ့များကို အရောင်းအဝယ်ပြုလုပ်ရာတွင် အမြင်အားဖြင့်သာ ကြည့်ရှု အကဲဖြတ်ပြီး ဝယ်သင့်၊ မသင့်ဆုံးဖြတ်ခြင်း၊ ဈေးနှုန်းသတ်မှတ်ခြင်းများ ဆောင်ရွက်ခဲ့ကြသော်လည်း ယခုအခါ နိုင်ငံတကာ နည်းတူ နမူနာကော်ဖီကို စမ်းသပ်သောက်သုံးကာ အကဲဖြတ်ပြီးမှ အရောင်းအဝယ်ပြုလုပ်လာကြောင်း သိရသည်။

"အခုနောက်ပိုင်း ပြည်တွင်းမှာ ကော်ဖီစေ့အရောင်းအဝယ်လုပ်တဲ့အခါမှာ နမူနာကော်ဖီကို စမ်းသပ်သောက်သုံးပြီးမှ အရောင်းအဝယ်လုပ်လာကြပါတယ်။ ကျွန်မတို့ ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာနမှာ ကော်ဖီသောက်သုံးမှု အရည်အသွေးကို အကဲဖြတ်ရာမှာ Speciality Coffee Association of America နဲ့ Speciality Coffee Association of Europe တွေရဲ့ စံနှုန်းတွေအတိုင်း စစ်ဆေးအကဲဖြတ်ပါတယ်။ ကော်ဖီစိုက်တောင်သူတွေလည်း ကိုယ်တိုင်အကဲဖြတ်နိုင်အောင် နည်းပညာတွေ ဖြန့်ဖြူးပေးနေပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီလာထွန်းကပြောပြသည်။

ကော်ဖီ၏ အနံ့၊ အရသာနှင့် အရည်အသွေးတို့ကို စနစ်တကျအကဲဖြတ်နိုင်စေရန် ကော်ဖီကျွမ်းကျင်သူများက အနံ့အရသာခံပြီး အကဲဖြတ်အမှတ်ပေးကြကြောင်း၊ ယခုအခါ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ကော်ဖီသုတေသနနှင့်

နည်းပညာပြန့်ပွားရေးဗဟိုဌာနတွင် ကော်ဖီစိုက်တောင်သူများကိုယ်တိုင် ကော်ဖီအရည်အသွေးကို အကဲဖြတ်နိုင်စေရန် နည်းပညာများ ဖြန့်ဖြူးပေးနေသကဲ့သို့ ကော်ဖီသောက်သုံးမှု အရည်အသွေးအကဲဖြတ်ပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကော်ဖီသောက်သုံးမှု အရည်အသွေးအကဲဖြတ်ရာတွင် အဆင့် ၁၀ ဆင့်ရှိပြီး ကော်ဖီလှော်ချိန် အပါအဝင် အချိန်နှစ်ရက်ခန့်ကြာမြင့်ကြောင်း၊ ထိုသို့ အကဲဖြတ်ပြီးနောက် ကော်ဖီသောက်သုံးမှု အရည်အသွေးအမှတ် ၈၀ ကျော်ရရှိမှသာ Speciality Coffee အဆင့်ဝင်ကာ ဈေးကောင်းရရှိကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## ပြည်တွင်းရှိ ရော်ဘာခြံများ၌ အစေးခြစ် လုပ်ငန်းများ ပြန်လည်စတင်

မိုးရာသီကုန်ခါနီးပြီဖြစ်သောကြောင့် ပြည်တွင်းရှိရော်ဘာခြံများ၌ အစေးခြစ်လုပ်ငန်းများ ပြန်လည်စတင်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အထွေထွေအတွင်းရေးမှူး ဦးခိုင်မြင့်ထံမှ သိရသည်။

မုတ်သုံစတင်ဝင်ရောက်ချိန်မှ မိုးရာသီကာလအတွင်း ရော်ဘာခြံပိတ်ရာသီအဖြစ်သတ်မှတ်ထားလေ့ရှိပြီး စက်တင်ဘာလဆန်းပိုင်းတွင် ခြံဖွင့်ရာသီ ပြန်လည်စတင်ခြင်းဖြစ်သည်။ ထိုသို့ရော်ဘာအစေးခြစ်လုပ်ငန်းများပြန်လည်စတင်ရာတွင် နှစ်စဉ် ခြံငယ်ရှင်အများစုမှာ အစေးခြစ်အလုပ်သမားရရှိမှု အခက်အခဲရှိနေပြီး လတ်တလောတွင် မွန်ပြည်နယ် မုဒုံ၊ ကျိုက်မရော၊ သထုံ၊ ရေးမြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်နှင့်မြိတ်မြို့နယ်တို့မှ အလုပ်သမားခေါ်ယူနေရသည့်အပြင် ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှလည်း ခေါ်ယူလျက်ရှိကြောင်းသိရသည်။ “ရော်ဘာခြံလုပ်ငန်းရှင်တွေအနေနဲ့ မိုးစလာလို့ ခြံစပိတ်ကတည်းက ခြံဖွင့်ရာသီအတွက် ကိုယ့်ရဲ့အစေးခြစ် အလုပ်သမားကို ဘယ်လိုသင်တန်းပေးမယ်၊ အလုပ်သမားမြဲအောင် ပံ့ပိုးမှုအနေနဲ့ ဘာတွေလုပ်ပေးမယ် စတာတွေကိုကြိုတင်စီမံထားရမှာပါ။ ခြံဖွင့်မှ အလုပ်သမားခေါ်နေရင်တော့ အခက်အခဲရှိမှာပါ။ ရရင်လည်း ကျွမ်းကျင်မှုမရှိတဲ့သူတွေပဲရမှာပါ။ ကိုယ့်ခြံအလုပ်သမားရဖို့ စောစောကတည်းကချိတ်ဆက်ထားရပါမယ်။ ကျွန်တော်တို့ခြံကြီးတွေကျတော့ အလုပ်သမားတွေကို သင်တန်းပေးတာတွေလုပ်ပါတယ်” ဟု ဦးခိုင်မြင့်ကပြောသည်။

ထို့ပြင် လုပ်ကွက်ကြီးခြံရှင်များမှာ အစေးခြစ် အလုပ်သမားများခေါ်ယူရာတွင် လုပ်ခလစာများသတ်မှတ်ကာ ခေါ်ယူလေ့ရှိသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် သွားလာရေးခက်ခဲသည့် နေရာတချို့ရှိ လုပ်ကွက်ငယ်ခြံရှင်များမှာ အစေးခြစ်အလုပ်သမားများခေါ်ယူရာတွင် မြေဩဇာကျွေးခြင်းအပါအဝင် ကုန်ကျစရိတ်များကို ထက်ဝက်စီကျခံလေ့ရှိကာ အစေးခြစ်ပြီးရရှိသည့်ရော်ဘာများရောင်းချပြီးမှ အလုပ်ရှင်နှင့် အလုပ်သမား ထက်ဝက်ခွဲဝေယူသည်များလည်းရှိသည့်အပြင် တချို့ခြံရှင်များမှာ ၆၀ ရာခိုင်နှုန်းနှင့် အလုပ်သမားမှာ ၄၀ ရာခိုင်နှုန်း ခွဲဝေယူသည်များလည်း ရှိသည်။

ရော်ဘာကို မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ အများဆုံးစိုက်ပျိုးပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့၌လည်း စိုက်ပျိုးလျက်ရှိကာ တစ်နိုင်ငံလုံး၌ ရော်ဘာစိုက်ပျိုးမှုအနေဖြင့် ၈ က တစ်သန်းခြောက်သိန်းကျော်ရှိပြီး ၈ က ရှစ်သိန်းကျော်မှ ရော်ဘာထုတ်လုပ်လျက်ရှိကြောင်းသိရသည်။

Source: http://www.myawady.net.mm/node/30372

## အာရေးဗီကားနှင့် ရိုဘတ်စတာကော်ဖီများကို တစ်နှစ်လျှင် ပျမ်းမျှ တန်ချိန် ၇၀၀၀ ခန့် ထုတ်လုပ်လျက်ရှိ

ပြည်တွင်း၌ အာရေးဗီကားနှင့်ရိုဘတ်စတာကော်ဖီများကို တစ်နှစ်လျှင် ပျမ်းမျှ တန်ချိန် ၇၀၀၀ ခန့် ထုတ်လုပ်လျက်ရှိကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှသိရသည်။ နှစ်စဉ် ပြည်ပပို့ကုန်အနေဖြင့် ပျမ်းမျှတန်ချိန် ၈၀၀ မှ ၁၀၀၀ ကြားရှိပြီး အာရှနိုင်ငံများ၊ အမေရိကန်နိုင်ငံနှင့် အီးယူနိုင်ငံများသို့တင်ပို့လျက်ရှိကာ အီးယူနိုင်ငံများအနက် ဘယ်လ်ဂျီယံနိုင်ငံသို့အများဆုံး တင်ပို့နေခြင်းဖြစ်သည်။

မြန်မာ့ကော်ဖီများကို ကမ္ဘာ့ဈေးကွက်တွင် ယခုထက်ပို၍ ထိုးဖောက်နေရာယူနိုင်စေရန်နှင့် မြန်မာနိုင်ငံကို ကော်ဖီအမြောက်အမြားတင်ပို့သော နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုလာစေရန်အတွက် စီမံချက်ရေးဆွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် လက်ရှိတွင် ပြည်တွင်း၌ ကော်ဖီတိုးချဲ့စိုက်ပျိုးရန် လုပ်ဆောင်နေပြီး ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်မှစတင်ကာ ငါးနှစ်အတွင်း ကော်ဖီစိုက်ဧက သုံးသိန်း တိုးချဲ့စိုက်ပျိုးနိုင်ရေး စီမံချက်ရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ကုန်းမြင့် ကော်ဖီဖြစ်သော အာရေးဗီးကားကော်ဖီ(Arabica

Coffee)ကို ဇုန်လေးခု ခွဲပြီး ဧက နှစ်သိန်း၊ မြေနိမ့်ကော်ဖီ ဖြစ်သော ရိုဘတ်စတာကော်ဖီ (Robusta Coffee) ကို ဇုန် သုံးခုခွဲပြီး ဧက တစ်သိန်း၊ စုစုပေါင်း ကော်ဖီစိုက်ဧက သုံးသိန်း တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

အာရေးဗီကားကော်ဖီ (Arabica Coffee) စိုက်ပျိုးမည့်ဇုန် လေးခုအနက်၊ ဇုန်( ၁ )တွင်ပြင်ဦးလွင်၊ မိုးကုတ်နှင့် နောင်ချို၊ ဇုန်(၂)တွင် ရွာငံ၊ ပင်းတယနှင့် နောင်တရား၊ ဇုန်(၃)တွင် ဟိုပုံး၊ ဟဲဟိုး၊ ပင်လောင်းနှင့် မဲနယ်တောင်တန်းဒေသများ၊ ဇုန်(၄) တွင် ကျိုင်းတုံ၊ တာချီလိတ်စသည့်ဒေသများ ပါဝင်ကြောင်းသိရသည်။ အလားတူ ရိုဘတ်စတာကော်ဖီ (Robusta Coffee) ကိုလည်း ဇုန်သုံးခုဖြင့် စိုက်ပျိုးသွားမည်ဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဇုန်(၁)၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဇုန်(၂)၊ ကရင်ပြည်နယ်တွင် ဇုန်(၃) စသည်ဖြင့် သတ်မှတ်ဖော်ဆောင်ကာ ကော်ဖီပင်များ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံ၏ရေမြေသဘာဝနှင့် ရာသီဥတုအခြေအနေများ၊ Cupping results များ မြင့်မားကောင်းမွန်မှုအရ အထူးတန်းဝင်အရည်အသွေးမြင့် Specialty Coffee များကိုလည်း ၂၀၁၄-၂၀၁၅ ခုနှစ်ခန့်မှစတင်ကာ ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

Specialty Coffee ကို ဂျပန်၊ ကိုရီးယား၊ အမေရိကန်နိုင်ငံနှင့် အီးယူနိုင်ငံများသို့ တင်ပို့နေပြီး လက်ရှိတွင် ဂျာမနီနိုင်ငံသို့ ဆက်လက်တင်ပို့နိုင်ရန်အတွက် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Source: ministry of commerce

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၃ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ရန်နှင့် လယ်ယာကဏ္ဍမှ နှစ်ရာခိုင်နှုန်းကျော်၊ စက်မှုကဏ္ဍမှ လေးရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍမှ လေးရာခိုင်နှုန်းကျော်တိုးတက်ရန် ရည်မှန်းထား

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၃ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ရန်နှင့် လယ်ယာကဏ္ဍမှ နှစ်ရာခိုင်နှုန်းကျော်၊ စက်မှုကဏ္ဍမှ လေးရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍမှ လေးရာခိုင်နှုန်းကျော် တိုးတက်ရန် ရည်မှန်းထားကြောင်း ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ် အရအသုံးခန့်မှန်းခြေငွေ စာရင်းဆိုင်ရာ အချက်အလက်များ(Citizen’s Budget)တွင် ဖော်ပြထားသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အမျိုးသားစီမံကိန်းအတွက် စီမံကိန်းရည်မှန်းချက်တွင် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁၂၃၆၃၃၇၄၁ ဒသမ ၉ သန်းရရှိရန်နှင့် စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၃ ဒသမ ၇ ရာခိုင်နှုန်းတိုးတက် ရန် ရည်မှန်းထားသည်။ ကဏ္ဍကြီးများအလိုက် စီးပွားရေးတိုးတက်မှုကို လယ်ယာကဏ္ဍကြီးတွင် ၂ ဒသမ ၃ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် လေးရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၄ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားသည်။

လယ်ယာကဏ္ဍတွင် လယ်ယာထွက်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ရန်၊ အလျှင်အမြန် အကျိုးခံစားခွင့် ရရှိစေမည့် လုပ်ငန်းများဖြစ်သည့် ဆီမီးခုံမြစ်ရေတင်လုပ်ငန်းနှင့် နေကြာမျိုးစေ့ထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးခြင်းများဆောင်ရွက်ရန်၊ မျိုးကောင်းမျိုးသန့်မွေးမြူထုတ်လုပ်နိုင်ရေးအတွက် မေထုန်မဲ့သားစပ်ခြင်း၊ ဆည်မြောင်း၊ တာတမံများအတွင်း ငါးမျိုးစိုက်ထည့်၍ ငါးအထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

မွေးမြူရေးချေးငွေရရှိရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ သားရေစိမ်း၊ သားရေချော၊ ကျွဲနွားအရှင်နှင့် အခြားတိရစ္ဆာန် ထွက်ပစ္စည်းများ၊ ငါး၊ ပုစွန်နှင့် အခြားရေထွက်ပစ္စည်းများ ပြည်ပသို့ တင်ပို့နိုင်ရန်၊ ပုဂ္ဂလိက သစ်တောစိုက်ခင်းများ၊ ကျေးရွာ သုံးစိုက်ခင်းများ၊ ရေဝေရေလဲစိုက်ခင်းများနှင့် ဒီရေးတောစိုက်ခင်းများ တည်ထောင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ရပ်ဆိုင်းထားသည့် နိုင်ငံပိုင်စက်ရုံများ ပြန်လည် လည်ပတ်နိုင်ရေးတို့အတွက် ဆောင်ရွက်ရန်ရည်မှန်းထားကြောင်း ဖော်ပြထားသည်။

စက်မှုကဏ္ဍကြီးတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အရည်အသွေး တိုးမြှင့် ဆောင်ရွက်ရန်၊ ပြည်ပမှသံနှင့်သံမဏိတင်သွင်းမှုများကို လျှော့ချနိုင်ရန်အတွက် နိုင်ငံပိုင်စက်ရုံများဖြစ်သည့် မြင်းခြံသံမဏိ စက်ရုံနှင့် ပင်းပက်သံမဏိစက်ရုံများ ပြန်လည်လည်ပတ်နိုင်ရန်၊ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပြည်တွင်း၌ထုတ်လုပ်နိုင်ရန် အတွက် တရုတ်နိုင်ငံမှ Sinopharm CNBC ဆေးဝါးစက်ရုံနှင့် ပူးပေါင်း၍ Myancopharm ကာကွယ်ဆေးအား Dose ၁၀ သန်း ထုတ်လုပ်ရန်ရည်မှန်း ထားကြောင်း ဖော်ပြထားသည်။

ကျေးရွာအရောက် ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံ/ထရန်စဖော်များ တိုးချဲ့တည်ဆောက်ရန်၊ အဆင့်မီလမ်းမကြီး များ၊ တံတားကြီးပေါ်ပေါက်လာစေရေးဆောင်ရွက်ရန်၊ ကျေးလက်နေပြည်သူများ ကုန်စည်စီးဆင်းမှုနှင့် သွားလာမှုလွယ်ကူ စေရေးအတွက် ကျေးလက်လမ်း၊ ကျေးလက်အိမ်ရာများ တည်ဆောက်ပေးရန် ရည်မှန်းထားသည်။

ဝန်ဆောင်မှုကဏ္ဍကြီးတွင် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်မှုများ အချိန်တိုအတွင်း လျင်မြန်စွာပို့ဆောင်ရေး ဆောင်ရွက်ပေးရန်၊ အခြေခံဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေသေးသည့် နယ်မြေဒေသများ Underserved Area တွင် အခြေခံဆက်သွယ်ရေးအဆောက်အဦးများတိုးချဲ့ တည်ဆောက်ပေးရန်နှင့် အခြေခံဆက်သွယ်ရေးမရှိသေးသည့် နေရာဒေသများတွင် အသစ်ထပ်မံတည်ဆောက်ရန်၊ Digital ဘဏ်စနစ်၊ အီလက်ထရောနစ်ဘဏ်စနစ်များ ဖွံ့ဖြိုးတိုတက်ရေး၊ ပညာရေး၊ ကျန်းမာရေးဝန်ဆောက်မှုများ ပိုမိုကောင်းမွန်စေရန်၊ ပို့ကုန်သွင်းကုန်လျာထားချက် ပြည့်မီကျော်လွန်စေရေး၊ ပို့ကုန်မြင့်တင်နိုင်ရေးအတွက် အလာအလာရှိသော ကုန်စည်များကို အားပေးမြှင့်တင်ခြင်း၊ နိုင်ငံတကာကုန်စည်ပြပွဲများသို့ သွားရောက်ပြသနိုင်ရေး ပံ့ပိုးကူညီပေးခြင်းများ ဆောင်ရွက်ရန်လျာထားကြောင်း ဖော်ပြထားသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့တော်ကြီးများ၊ စီးပွားရေးအချက်အချာကျသော မြို့ကြီးများနှင့် နယ်စပ်ကုန်သွယ်ရေးပြုလုပ်လျက်ရှိသောမြို့ကြီးများတွင် ကုန်သွယ်မှုဗဟိုဌာနများ ရည်မှန်းချက်အတိုင်း ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရန်တို့ကို ရည်မှန်းထားကြောင်း ဖော်ပြထားသည်။Source: [https://news-eleven.com/article/237472](https://news-eleven.com/article/237472)

## စက်မှုလုပ်ငန်းများအတွက် ဒေသတွင်း မူပိုင်ခွင့်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် စပ်လျဉ်းသည့် လမ်းညွှန်စာအုပ်ကို ဝက်ဘ်ဆိုက်များတွင် လွှင့်တင်ထား

ARISE + IPR သည် Annual Work Plan-4 ၏ Activity 12 အရ အာဆီယံဒေသတွင်းရှိ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများအတွက် ဒေသတွင်းမူပိုင်ခွင့်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် လမ်းညွှန်စာအုပ် (Guidebook on Regional Intellectual Property Management for SMEs in ASEAN) ကို ပြုစုရေးသားခဲ့ပြီး အာဆီယံနိုင်ငံအသီးသီး၏ ဘာသာစကားများဖြင့် ဘာသာပြန်ဆိုနိုင်ရေးကိုလည်း ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းညွှန်စာအုပ်ကို http:// internationalipcooperation.eu website ၏ ARISE + IPR ကဏ္ဍမှ Publication၊ promotional Meterial ခေါင်းစဉ်အောက်နှင့် မူပိုင်ခွင့်ဦးစီးဌာန၏ Website ဖြစ်သော [www.ipd.gov.mm](http://www.ipd.gov.mm) တို့တွင် လွှင့်တင်ထားရှိပြီးဖြစ်သည့်အတွက် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

Source: ကြေးမုံသတင်းစာ

# ပြည်ပကုန်သွယ်မှုသတင်း

## မြန်မာနှင့် အိန္ဒိယနိုင်ငံတို့အကြား မတ်ပဲနှင့်ပဲစင်းငုံ ရောင်းဝယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယနိုင်ငံအစိုးရတို့အကြား G to G အစီအစဉ်ဖြင့် မတ်ပဲနှင့်ပဲစင်းငုံ ရောင်းဝယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် နှစ်နိုင်ငံ အစိုးရများအကြား လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါနားလည်မှုစာချွန်လွှာအရ အိန္ဒိယအစိုးရသည် မြန်မာနိုင်ငံမှ နှစ်စဉ် မတ်ပဲတန်ချိန် (၂ သောမ ၅) သိန်းနှင့် ပဲစင်းငုံတန်ချိန် (၁)သိန်းတို့ကို ပုဂ္ဂလိက ကုန်သွယ်မှုမှတစ်ဆင့် နောင်ဘဏ္ဍာနှစ် ၅ နှစ်၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် (ဧပြီလမှမတ်လ)အတွင်း တင်သွင်းသွားမည်ဖြစ်သည်။ ယခု G to G MoU သည် အိန္ဒိယနိုင်ငံအစိုးရမှ နှစ်စဉ်ထုတ်ပြန်သည့် နိုင်ငံတကာပဲ Quota အား ထိခိုက်မှုမရှိစေပဲ မြန်မာ့ပဲတင်ပို့သူများအနေဖြင့် နိုင်ငံတကာ Quota တွင်လည်း ပါဝင်အကျိုးခံစားခွင့်ရှိမည်ဖြစ်သည်။

အဆိုပါနားလည်မှုစာချွန်လွှာအရ မြန်မာနှင့်အိန္ဒိယနိုင်ငံတို့အကြား ပထမအကြိမ် ပူးတွဲကြီးကြပ်ရေးကော်မတီ (Joint Monitoring Committee - JMC) အစည်းအဝေးအား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၂၁) ရက်နေ့တွင် နေပြည်တော်-နယူးဒေလီ တို့အကြား Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေး၌ နားလည်မှုစာချွန်လွှာအရ လာမည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အထိအတွက် မတ်ပဲနှင့်ပဲစင်းငုံများကို ကုန်သွယ်မှုပြုရာတွင် မြန်မာနိုင်ငံမှ ပဲတင်ပို့သူများ၊ အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းသူများနှင့် နှစ်ဘက်သက်ဆိုင်ရာ အစိုးရဌာနများ လိုက်နာဆောင်ရွက်ရမည့် စံလုပ်ထုံးလုပ်နည်းများကို နှစ်ဘက်သဘောတူသတ်မှတ်ခဲ့ကြပါသည်။ ထို့အပြင် နှစ်ဖက် Focal Person များသတ်မှတ်၍ G to G MoU အရ မတ်ပဲနှင့်ပဲစင်းငုံကုန်သွယ်မှုတွင် ပေါ်ပေါက်လာနိုင်သည့် ကိစ္စရပ်များကို နှစ်နိုင်ငံအကြား နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အိန္ဒိယနိုင်ငံအစိုးရသည် မတ်ပဲနှင့် ပဲစင်းငုံတို့အား လွတ်လပ်စွာတင်သွင်းခွင့်အား ၃၁-၃-၂၀၂၃ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်လိုက်သဖြင့် မြန်မာနိုင်ငံမှ မတ်ပဲနှင့် ပဲစင်းငုံတို့အား အိန္ဒိယနိုင်ငံသို့ လွတ်လပ်စွာ တင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။ Source: Ministry of commerce

## မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂ (Myanmar Rice Conference – 2022) အား အောင်မြင်စွာကျင်းပပြီးစီး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းကျင်းပသော မြန်မာ့ဆန်စပါးညီလာခံ - ၂၀၂၂ ကို ဒုတိယနေ့အဖြစ် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (ဗဟို ဌာန-၂) ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဖဒိုမန်းငြိမ်းမောင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးဝန်ကြီးများ၊ ဆန်စပါးကဏ္ဍမှ ပညာရှင်များနှင့် လုပ်ငန်းရှင်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဆန်စပါးညီလာခံ၏ ဆွေးနွေးပွဲများတွင် ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆန်စပါးစိုက်ပျိုးရေးနှင့် မျိုးစေ့ထုတ်လုပ်မှုအခြေအနေများနှင့် ပတ်သက်သည့် စာတမ်းများကိုလည်းကောင်း၊ ဆန်စပါး ဝယ်ယူ၊ သိုလှောင်၊ ကြိတ်ခွဲခြင်းနှင့် တန်ဖိုးမြှင့်တင်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာတမ်းများကိုလည်းကောင်း ဖတ်ကြားခဲ့ကြပြီး စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်များတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် လက်တွေ့စပါးစိုက်ပျိုးနေသည့် တောင်သူလယ်သမားကိုယ်စားလှယ်များက လက်ရှိဆောင်ရွက်နေမှုအခြေအနေများ၊ ကြုံတွေ့နေရသည့်အခက်အခဲများနှင့် ဆန်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရမှ ပံ့ပိုးကူညီပေးစေလိုသည့် အချက်များအား ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဆန်စပါးကုန်သွယ်မှုနှင့် ပို့ကုန်မြှင့်တင်ရေးအတွက် ခေတ်အဆက်ဆက် မြန်မာ့ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဆန်စပါးကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၏အခန်းကဏ္ဍများ၊ အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy) နှင့် ဆန်စပါးကဏ္ဍဆိုင်ရာ ပို့ကုန်မဟာဗျူဟာတို့နှင့်စပ်လျဉ်းပြီး လက်တွေ့တာဝန်ယူ ဆောင်ရွက်နေသည့် ဌာနများမှ အကြီးတန်းအရာရှိများက စာတမ်းများဖတ်ကြားတင်ပြကြသည်။ အဆိုပါ စာတမ်းများနှင့်ဆက်စပ်ပြီး သုံးသပ်ဆွေးနွေးခြင်းနှင့် စကားဝိုင်းဆွေးနွေးခြင်းတို့ကိုပြုလုပ်ခဲ့ရာ အစိုးရဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးကြပြီး အကြံပြုချက်များ တင်ပြခဲ့ကြသည်။

“နိုင်ငံ့စီးပွားမြှင့်တင်ဖို့၊ ဆန်စပါးဖြင့် ကြိုးပမ်းစို့” ဟူသောခေါင်းစဉ်ဖြင့် အောက်တိုဘာလ (၆) ရက်မှ (၇) ရက်နေ့အထိ ၂ ရက်ကြာကျင်းပခဲ့သည့် မြန်မာ့ဆန်စပါးညီလာခံ - ၂၀၂၂ သို့ သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တောင်သူလယ်သမားကိုယ်စားလှယ်များ စုစုပေါင်း (၄၀၀)ခန့် တက်ရောက်ခဲ့ကြသည်။ ညီလာခံကျင်းပသည့် ၂ ရက်အတွင်း ကဏ္ဍအလိုက်ဆွေးနွေးမှုများမှ စိုက်ပျိုးမည့်ပြည်နယ်/တိုင်းဒေသကြီးများအလိုက် ဒေသနှင့်ကိုက်ညီပြီး ဈေးကွက်ကြိုက်နှစ်သက်သည့် မျိုးကောင်းမျိုးသန့်များကိုသာ ရွေးချယ်စိုက်ပျိုးသွားရေး၊ တောင်သူများအတွက် သက်သာသောဈေးနှုန်းဖြင့် ဓာတ်မြေဩဇာများ ဝယ်ယူရရှိနိုင်ရေး၊ အရည်အသွေးပြည့်မီသော ဆန်များတင်ပို့နိုင်ရေးအတွက် ဆန်စက်များအဆင့်မြှင့်တင်ရေး၊ ပြောင်းလဲနေသော ပို့ကုန်ဈေးကွက်နှင့်ကိုက်ညီသည့် အမျိုးသားပို့ကုန်မဟာဗျူဟာကို ပြန်လည်သုံးသပ်အကောင်အထည်ဖော်သွားရေး၊ ပို့ကုန်တိုးမြှင့်ရေးအတွက် ပြည်ပသို့ ကိုယ်စားလှယ်အဖွဲ့များစေလွှတ်ခြင်းကို အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရေးသွားအစရှိသည့် အချက်များအပါအဝင် အစိုးရနှင့်ပုဂ္ဂလိကတို့ ပူးပေါင်းပြီး မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်သွားရမည့် သုံးသပ်ချက်များအား ဖော်ထုတ်ရရှိခဲ့ပြီး မွန်းလွဲပိုင်းတွင် ညီလာခံအား အောင်မြင်စွာရုပ်သိမ်းခဲ့ပါသည်။ Source: Ministry of Commerce

## မြန်မာပဲမျိုးစုံကို ရူပီးငွေကြေးနဲ့ ဝယ်ယူခွင့်ရဖို့ အိန္ဒိယတောင်းဆို

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်ရေး မြှင့်တင်ဖို့လို့ဆိုပြီး မတ်ပဲ၊ ပဲစင်းငုံစတဲ့ ပဲမျိုးစုံ အဓိကရောင်းချပေးနေတဲ့ မြန်မာနဲ့ ကုန်သွယ်တဲ့အခါ ရူပီးငွေကြေးနဲ့ တိုက်ရိုက်ကုန်သွယ်ခွင့် ရရှိဖို့ အိန္ဒိယနိုင်ငံ ပဲမျိုးစုံနဲ့ ကောက်ပဲသီးနှံအသင်း (IPGA) က တောင်းဆိုလိုက်ပါတယ်။

အိန္ဒိယ-မြန်မာကုန်သွယ်ရေးကို နှစ်ဖက်နိုင်ငံက လုပ်ငန်းတွေကြား တိုက်ရိုက်ဆောင်ရွက်ဖို့ IPGA က တိုက်တွန်းခဲ့တာပါ။ လက်ရှိမှာ အိန္ဒိယနဲ့ မြန်မာကြား ပဲမျိုးစုံကုန်သွယ်မှုကို စင်ကာပူလုပ်ငန်းတွေကတစ်ဆင့် အများစုပြုလုပ်ပြီး အမေရိကန်ဒေါ်လာနဲ့ ရောင်းဝယ်တာဖြစ်ပါတယ်။ "ကျွန်တော်တို့ဟာ မြန်မာဆီက ပဲမျိုးစုံကိုတင်သွင်းပြီး မြန်မာလယ်သမားတွေကို

ထောက်ပံ့ကူညီနေတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကုန်သွယ်ရေးကို ရူပီးငွေကြေးနဲ့ပြုလုပ်ခွင့်ရဖို့ တိုက်တွန်းလိုပါတယ်" လို့ IPGA ဥက္ကဋ္ဌ Bimal Kothari က Business Line သတင်းဌာနကို ပြောပါတယ်။

IPGA ဟာ မကြာသေးခင်တုန်းက မြန်မာအဖွဲ့ကိုလက်ခံတွေ့ဆုံခဲ့ပြီး IPGA နဲ့ မြန်မာနိုင်ငံကြား ပူးပေါင်းဆောင်ရွက်နိုင်မယ့်အခွင့်အလမ်းတွေကို ဆွေးနွေးခဲ့တယ်လို့သိရပါတယ်။ "နှစ်နိုင်ငံကြား ကုန်သွယ်ရေးဟာ အလျင်အမြန်ကြီးထွားလာမယ့် အလားအလာရှိနေပါတယ်။ နှစ်နိုင်ငံကုန်သွယ်ရေး ပိုကောင်းလာဖို့နဲ့ ကုန်သွယ်ပမာဏ တိုးလာစေဖို့အတွက် သွင်းကုန်ပို့ကုန်တွေကို အိန္ဒိယနဲ့ မြန်မာမှာရှိတဲ့ လုပ်ငန်းတွေကြား တိုက်ရိုက်ဆောင်ရွက်ပြီး အိန္ဒိယရူပီးငွေကြေးနဲ့ အရောင်းအဝယ်လုပ်ဖို့ တိုက်တွန်းပါတယ်" လို့ Kothari က မြန်မာအဖွဲ့ကို ပြောပါတယ်။

အိန္ဒိယဟာ မြန်မာဆီက မတ်ပဲနဲ့ ပဲတီစိမ်း တင်သွင်းလာတာ ဆယ်စုနှစ် လေးစုကျော်ရှိနေပြီဖြစ်ပါတယ်။ စင်ကာပူအခြေစိုက်လုပ်ငန်းတွေကတစ်ဆင့် အရောင်းအဝယ် ပြုလုပ်တဲ့အခါ စရိတ်စကတွေ ပိုကုန်ကျတယ်လို့ Kothari က ပြောပါတယ်။ နှစ်နိုင်ငံကြား ပဲမျိုးစုံကုန်သွယ်မှုဟာ အိန္ဒိယရဲ့ သွင်းကုန်မူဝါဒအပေါ် မူတည်နေပါတယ်။ လက်ရှိမှာ အိန္ဒိယက မတ်ပဲနဲ့ ပဲစင်းငုံစတဲ့ ပဲမျိုးစုံကို အခွန်ကင်းလွတ်ခွင့်ရကုန်စည်အဖြစ် ၂၀၂၃ မတ်လ ၃၁ ရက် နေ့အထိ သတ်မှတ်ထားပါတယ်။

လက်ရှိ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာဆီက ပဲမျိုးစုံတင်သွင်းမှု တန်ဖိုးဟာ ဒေါ်လာ သန်း ၆၀၀ ဝန်းကျင် ရှိနိုင်ပြီး အဲဒီထဲမှာ မတ်ပဲ ဒေါ်လာ သန်း ၄၀၀-၄၅၀ ဖိုးနဲ့ ပဲစင်းငုံ ဒေါ်လာ သန်း ၁၅၀ ကျော်ဖိုး ပါဝင်တယ်လို့ Kothari က ပြောပါတယ်။

Source: https://greenwaymyanmar.com/posts/india_request_to_buy_myanmar_beans

## ရုရှားနိုင်ငံမှ ငါးများ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ပြီး ပြန်ပို့ရန်စီစဉ်

ရုရှားနိုင်ငံတွင် ကျင်းပမည့် Global Fisheries Forum and Seafood Expo Russia ဖိုရမ်သို့ မြန်မာနိုင်ငံမှ တက်ရောက်ရန် စီစဉ်လျက်ရှိပြီး ရေထွက်ကုန်နည်းပညာရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ငါး၊ ပုစွန်မျိုးမြင့်တင်သော နည်းပညာများ အပါအဝင် ရေထွက်ကုန်ကဏ္ဍအသီးသီးကို ဆွေးနွေးသွားရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီစဉ်နေကြောင်း သိရသည်။

အဆိုပါဖိုရမ်ကို ရုရှားနိုင်ငံတွင် စက်တင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ ပြုလုပ်သွားရန်ရှိပြီး ယင်းဖိုရမ်သို့ ဝန်ကြီးဌာန အပါအဝင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် ရေလုပ်ငန်းကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲအတွင်း မြန်မာနိုင်ငံအနေဖြင့် မြန်မာ့ရေထွက်ကုန်ကဏ္ဍ နှစ်ရပ်နှင့်အတူ ရုရှားနိုင်ငံမှ ပင်လယ်ငါးကို ပြည်တွင်း၌ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ပြီး ပြန်လည်တင်ပို့ရန် ဆွေးနွေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

ထို့အပြင် ရေထွက်ကုန်အတွက် အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍအသီးသီးကို ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြိတ်ကျွန်းစုတွင်လည်း ကမ္ဘာ့ဈေးကွက်ဝင် အပြာရောင်နှင့် အဝါရောင် တူနာငါးမွေးမြူရန် နေရာကောင်း၍ ရင်းနှီးမြှုပ်နှံမှုအတွက် ဆွဲဆောင်နိုင်သော နေရာကောင်းတစ်ခုဖြစ်ကြောင်း ရေထွက်ကုန်ကဏ္ဍတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမှ ငါး၊ ပုစွန်ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်သည်။

Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5044-plan-to-produce-exotic-fish-as-a-high-value-product-and-send-it-back.html

# အထူးဆောင်းပါး

## တရုတ်အစိုးရ၏ လျှပ်စစ်ယာဉ်ဆိုင်ရာမူဝါဒများ၊ ထုတ်လုပ်သူများ၏ တုံ့ပြန်မှုများနှင့် ယင်းကဏ္ဍဆိုင်ရာ အနာဂတ်မျှော်မှန်းချက်အခြေအနေများ

တရုတ်နိုင်ငံ၏ မော်တော်ယာဉ်လုပ်ငန်းတွင် တိုးတက်မှုနှေးကွေးခြင်းကို ကိုင်တွယ်ဖြေရှင်းရန်အပြင် အစိုးရက ဈေးကွက်လှုံ့ဆော်ရန်လိုအပ်သည်ဟု ယူဆပါက တရုတ်နိုင်ငံ၏ လျှပ်စစ်ယာဉ် EV ထောက်ပံ့ကြေးများကို သက်တမ်းတိုးမည်ဖြစ်ကြောင်း သိရှိရပါသည်။

၂၆-၈-၂၀၂၂ ရက်နေ့ တရုတ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံတော်အခွန်အကောက်စီမံခန့်ခွဲရေးအဖွဲ့နှင့် စက်မှုနှင့်သတင်း အချက်အလက်နည်းပညာဝန်ကြီးဌာနတို့ပူးပေါင်းထုတ်ပြန်သော စွမ်းအင်သစ်သုံးယာဉ်များ ဝယ်ယူမှုအပေါ် ဆက်လက်အခွန်ကင်းလွတ်ခွင့်ဆိုင်ရာ ကြေညာချက်အရ ၁-၁-၂၀၂၃ ရက်မှ ၃၁-၁၂-၂၀၂၃ ရက်နေ့အထိ စွမ်းအင်သစ်သုံး

ယာဉ်များ (new energy vehicles -NEVs) များကိုဝယ်ယူပါက မော်တော်ယာဉ်ဝယ်ယူမှု အခွန်ကင်းလွတ်ခွင့်ကို ဆက်တိုက်ရရှိမည်ဖြစ်ပါသည်။

ကင်းလွတ်ခွင့်ပြုထားသော NEV မော်ဒယ်များစာရင်းတွင် ပါဝင်ပြီး အသုတ်အမှတ် (၅၈) အထိ update လုပ်ထားသော NEV များသာလျှင် ယင်း၏ အခွန်ကင်းလွတ်ခွင့်အတွက် အရည်အချင်းပြည့်မီမည်ဖြစ်ကြောင်း၊ အထက်ပါကြေငြာချက်တွင် ၃၁-၁၂-၂၀၂၃ ရက်မတိုင်မီ စာရင်းတွင်ပါဝင်သော NEVs ဝယ်ယူမှုများအတွက် အခွန်ကင်းလွတ်ခွင့်ကိုလည်း ဆက်လက်ထိန်းသိမ်းထားပေးမည်ဖြစ်ကြောင်း၊ မူလက ၂၀၂၂ ခုနှစ်တွင် သက်တမ်းကုန်ဆုံးရန်စီစဉ်ထားသည့် ကုန်ကျစရိတ်များသော လျှပ်စစ်ကား (EV) ထောက်ပံ့ကြေးများ တိုးချဲ့ပေးရန် တရုတ်နိုင်ငံမှ ထုတ်လုပ်သူများနှင့် ညှိနှိုင်းနေလျှက်ရှိကြောင်း ဖော်ပြထားပါသည်။

EV ဆိုသည်မှာ တရုတ်နိုင်ငံတွင် ဘက်ထရီလျှပ်စစ်ကားများ (BEVs)၊ plug-in hybrid လျှပ်စစ်ကားများ (PHEVs နှင့် extended-range electric vehicles) နှင့် လောင်စာဆဲလ်လျှပ်စစ် ယာဉ်များ (fuel cell electric vehicles -FCVs) တို့ ပါဝင်ပါသည်။

ရည်မှန်းချက်မှာ EV စက်မှုလုပ်ငန်းအတွက် ပံ့ပိုးကူညီရန်နှင့် ဤအရေးကြီးသောဈေးကွက်ကို ချဲ့ထွင်ရန်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ စီးပွားရေးသည် မကြာသေးမီလများအတွင်း သိသိသာသာနှေးကွေးသွားခဲ့ပြီး ၎င်းနှင့်အတူ၎င်း၏ မော်တော်ယာဉ်ရောင်းချမှုများလည်း နှေးကွေးကြောင်း၊ ၂၀၂၂ ခုနှစ်အစပိုင်းမှစတင်၍ ယန်ဇီမြစ် စီးပွားရေးမြစ်ဝှမ်းအပါအဝင် တရုတ်နိုင်ငံတစ်ဝှမ်းရှိ မြို့ကြီးများနှင့် စက်မှုဇုန်အများအပြားတွင် ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစည်းမျဉ်းများ၏ အကျိုးဆက်ကြောင့် ၎င်းတို့၏ထုတ်လုပ်မှုကို တလှည့်စီရပ်ဆိုင်းခဲ့ကြရကြောင်း၊ ကူးစက်ရောဂါဆိုင်ရာ ကန့်သတ်ချက်များကြောင့် စတိုးဆိုင်များပိတ်ခြင်း၊ ထောက်ပံ့ရေးကွင်းဆက်များ ပြတ်တောက်ခြင်းနှင့် စားသုံးမှုအသုံးစရိတ်များ လျှော့ချခြင်းတို့ဖြစ်ပေါ်ခဲ့ရာ တရုတ်နိုင်ငံ၏ EV ဈေးကွက်တွင် စားသုံးသူများ၏စိတ်ဝင်စားမှုကို မြှင့်တင်ရန်အတွက် သတင်းအချက်အလက်နှင့် စက်မှုနည်း ပညာဝန်ကြီးဌာန (MIIT) ကဲ့သို့သော အစိုးရဝန်ကြီးဌာနအသီးသီးသည် EV သုံးစွဲသူများအား မက်လုံးများကို ၂၀၂၃ ခုနှစ်အထိ တိုးချဲ့ရန် စဉ်းစား နေပြီဖြစ်သည်။

**၂၀၀၉ ခုနှစ်သည် တရုတ်နိုင်ငံ၏ EV ထောက်ပံ့မှုများ၏ မူလအစ**

၂၀၀၉ ခုနှစ်သည် တရုတ်နိုင်ငံ၏ EV ထောက်ပံ့မှုများ၏ မူလအစဖြစ်၍ တရုတ်နိုင်ငံသည် EV ဈေးကွက်တွင် ကမ္ဘာလုံးဆိုင်ရာဦးဆောင်သူဖြစ်လာ ရန် ကြိုးပမ်းနေခဲ့ကြောင်း၊ EVs များသုံးစွဲခြင်းကို အားပေးရန်အတွက် တရုတ်အစိုးရသည် EV များသည် သမားရိုးကျ အတွင်းလောင်ကျွမ်းသော အင်ဂျင် (internal combustion engine -ICE) ကားများထက် ဈေးပိုကြီးသောကြောင့် EV များဝယ်ယူမှုအတွက် ရက်ရက်ရောရောထောက်ပံ့မှုများ ၂၀၀၉ ခုနှစ်တွင်စတင်ခဲ့ကြောင်း၊ ထိုအချိန်မှစ၍ ဗဟိုအစိုးရသည် EV ထောက်ပံ့မှုများတွင် ယွမ် ၂၀၀ ဘီလီယံကျော်သုံးစွဲခဲ့ပြီး ဒေသဆိုင်ရာ အစိုးရများက နောက်ထပ်ယွမ် ၁၀၀ ဘီလီယံ သို့မဟုတ် စုစုပေါင်း US$ ၄၇ ဘီလီယံကို ဖြည့်စွက်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် တရုတ်နိုင်ငံသည် အဆိုပါ ထောက်ပံ့ကြေးများကို မူလ ၂၀၁၅ သက်တမ်း ကုန်ဆုံးရက်ထက်ကျော်လွန်သည့်အစီအစဉ်ကို ကြေငြာခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ၆ ရာခိုင်နှုန်း သာရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် တရုတ်နိုင်ငံတွင် EV နှင့် PHEV များ ပေါင်းစပ်ရောင်းချမှုသည် အစီးရေ ၃၃၆,၀၀၀ (၆၂ ရာခိုင်နှုန်း) အထိတိုးလာပြီး ကမ္ဘာတစ်ဝှမ်းလုံးတွင် ဟိုက်ဘရစ်ကားများအတွက် အကြီးမားဆုံးဈေးကွက်ဖြစ်လာကာ ကမ္ဘာလုံးဆိုင်ရာရောင်းအား၏ ၄၄ ရာခိုင်နှုန်းအထိရှိပါ သည်။

**၂၀၁၅-၂၀၂၀ အတွင်း EV ထောက်ပံ့မှုများအပေါ် တရုတ်နိုင်ငံအစိုးရ၏ ပြောင်းလဲလာသော သဘောထား**

အရောင်းများတက်လာသည်နှင့်အမျှ EV ထောက်ပံ့ကြေးများ ပေးဆောင်ခြင်းသည် အစိုးရအတွက် အလွန်ကုန်ကျစရိတ်များလာကြောင်း၊ တစ်ချိန် တည်းတွင် စက်ရုံအများအပြားသည် ထောက်ပံ့ကြေးများအတွက် အရည်အချင်းပြည့်မီစေရန် အာဏာပိုင်များကိုလှည့်ကွက်” သုံးခုဖြင့်လှည့်စားခဲ့ကြောင်း၊ ယင်းတို့မှာ- (က) တရားမဝင် မှတ်ပုံတင်ထားသော မော်တော်ယာဉ်များ- တရုတ်နိုင်ငံတွင် ထုတ်လုပ်သူများရောင်းချသည့် EV အရေအတွက်ပေါ်မူတည်၍ မက်လုံးများ ပေးအပ်ခြင်းဖြစ်ရာ ဒေသန္တရအစိုးရအေဂျင်စီများသည် ထုတ်လုပ်သူမှပေးဆောင်သော ရောင်းချမှုပမာဏကို စစ်ဆေးရန်အတွက် ထုတ်ပေးသော မော်တော်ယာဉ်လည်ပတ်ခွင့်ပါမစ်အရေအတွက် ယေဘုယျအားဖြင့် အကဲဖြတ်ရာ အချို့သော ထုတ်လုပ်သူများသည် လျှပ်စစ်မော်တော် ယာဉ်များမထုတ်လုပ်ဘဲ ဘက္ထရီနှင့် မော်တာထိန်းချုပ်ကိရိယာများကဲ့သို့သော အဓိကအစိတ်အပိုင်းများမပါဘဲ ဒေသဆိုင်ရာ မှတ်ပုံတင်အာဏာပိုင်များကို လာဘ်ထိုးခြင်း သို့မဟုတ် လှည့်ဖြားခြင်းများမှတစ်ဆင့် လိုင်စင်များရရှိခဲ့ကြကြောင်း၊ ထို့ကြောင့် အချို့သောထောက်ပံ့ထားသော ယာဉ်များသည် လမ်းပေါ်တွင်မဟုတ်ဘဲ စာရွက်ပေါ်တွင်သာရှိနေကြကြောင်း၊ (ခ) ဘက်ထရီလဲလှယ်ခြင်း- လျှပ်စစ်ကားများအတွက် တရုတ်နိုင်ငံမှ ထောက်ပံ့ငွေများသည် ဘက်ထရီပမာဏအားဖြင့် အများစုသတ်မှတ်ပြီး ၎င်းတို့၏ ခရီးမိုင်အကွာအဝေးအပေါ် အခြေခံသောကြောင့် ခရီးအကွာအဝေးပိုရှည်သော မော်တော်ယာဉ်များသည် လုပ်ငန်းသုံးကား အမျိုးအစားများတွင် ဘက္ထရီအရွယ်အစားမှ

တိုက်ရိုက်တွက်ချက်သည့် ပမာဏပိုမိုမြင့်မားသော ထောက်ပံ့ကြေးများအတွက် အရည်အချင်းပြည့်မီရာ ရလဒ်အနေဖြင့် ထုတ်လုပ်သူအများအပြားသည် ၎င်းတို့၏ စမ်းသပ်ကားများကို အတည်ပြုချက်စမ်းသပ်မှုများအတွက် ကြီးမားသောဘက္ထရီများဖြင့်ပံ့ပိုးပေးပြီးနောက် အမှန်တကယ်ထုတ်လုပ်မှုတွင် ဘက္ထရီအသေးများဆီသို့ ပြန်ပြောင်းခဲ့ကြသည်။ ထိရောက်သော လိုက်နာကျင့်သုံးမှုမရှိခြင်းကြောင့် သေးငယ် သော၊ ဘက္ထရီပါသော EV များသည် ပိုကြီးသော၊ ခွင့်ပြုထားသော ဘက္ထရီများနှင့် ညီမျှသော ထောက်ပံ့ကြေးများ ရရှိခဲ့ကြောင်း၊ (၈) အတုအယောင်ဖောက်သည်များ- တရုတ်နိုင်ငံရှိ ထောက်ပံ့ကြေးများကို ရောင်းချသည့် EV ထုတ်လုပ်သူများအတွက်သာခွင့်ပြုထားရာ ရလဒ်အနေဖြင့် ထောက်ပံ့ထားသော မော်တော်ယာဉ် အများအပြားကို တည်ဆောက်ပြီး ရောင်းချခဲ့သော်လည်း ဝယ်ယူသူများလက်သို့ မရောက်ခဲ့ ကြောင်း၊ ထုတ်လုပ်သူ အများအပြားသည် ၎င်းတို့၏ မော်တော်ယာဉ်များကို ရောင်းချခဲ့ကြသော်လည်း နောက်ဆုံးအသုံးပြုသူများအား ဘယ်တော့မှ မရောင်းချခဲ့ကြောင်း အစိုးရ၏ စုံစမ်းစစ်ဆေးမှုတွင် ဖော်ပြထားပါသည်။

လိမ်လည်မှုဆိုင်ရာ အငြင်းပွားမှုများသည် တရုတ်နိုင်ငံ၏ EV မူဝါဒအပေါ် ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်မှုများ ဖြစ်ပေါ်စေခဲ့ပြီး အချို့က ထောက်ပံ့ကြေးများကို ဆက်လက်ထားရှိသင့်သလားဟု မေးခွန်းထုတ်ခဲ့ကြကြောင်း၊ အမေရိကန်နှင့် ဥရောပရှိ ဘဏ္ဍာရေးထောက်ပံ့မှုများသည် EV အသုံးပြုခြင်းကို အဓိကမောင်းနှင်စေသောအားဖြစ်ပြီး တရုတ်နိုင်ငံတွင်လည်း အလားတူ ပင်ဖြစ်ကြောင်း၊ အခြားတစ်ဖက်တွင်မူ ထောက်ပံ့ကြေးလိမ်လည်မှုမှာ မူဝါဒရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့၏ ချို့ယွင်းချက်များကြောင့် အများစုဖြစ်ကြောင်း၊ အရေးကြီးသော ချို့ယွင်းချက်တစ်ခုမှာ ထောက်ပံ့ကြေးအဆင့်များသည် အလွန်မြင့်မားနေပြီး နည်းပညာဆိုင်ရာ ရှုပ်ထွေးမှုရှိသောကားများနှင့် သက်ဆိုင်ပါသည်။ ဥပမာအားဖြင့် အရှည် 6 မီတာရှိသော ဘက္ထရီအားဖြင့် လျှပ်စစ်ဘတ်စ်ကားတစ်စီးသည် ထောက်ပံ့ငွေ ယွမ် ၀.၆ သန်း (အမေရိကန်ဒေါ်လာ ၈၇,၀၀၀) အထိရရှိနိုင်ပြီး နိုင်ငံတော်အစိုးရထံမှ ထက်ဝက်နှင့် ဒေသန္တရအစိုးရထံမှ တစ်ဝက်ဖြစ်သည်။ ဤကြီးမားသော ထောက်ပံ့ကြေးသည် ကုန်ကျစရိတ်နည်းပြီး နည်းပညာနိမ့်သော ဘတ်စ်ကားတစ်စီး၏ အလုံးစုံကုန်ကျစရိတ်ထက် သာလွန်နေ၍ ထုတ်လုပ်သူများအား အစိုးရထံမှ ထောက်ပံ့ကြေးရရှိစေရေး လှည့်ဖြားရန် မက်လုံးပေးကြောင်း၊ နောက်ထပ်ချို့ယွင်းချက်တစ်ခုမှာ ထိရောက်သော အရေးယူမှု ယန္တရားများမရှိခြင်းဖြစ်ပါသည်။ မသမာသော လှုပ်ရှားမှုများကြားတွင် တရုတ်အစိုးရသည် လုပ်ငန်းကိုစုစည်းရန်နှင့် ထောက်ပံ့ကြေးအစီအစဉ်ကို လိမ်လည်မှုကျူးလွန်သူများကို တရားစွဲဆိုရန် စည်းမျဉ်းစည်းကမ်းအစီအမံများ ဆက်တိုက် ထုတ်ပြန်ခဲ့ကြောင်း၊ ၎င်းတို့တွင် တရုတ်နိုင်ငံရှိ စွမ်းအင်သုံးကားသစ်များ (NEVs) ထုတ် လုပ်သူအဖြစ် အရည်အချင်းပြည့်မီရန် အရည်အချင်းပြည့်မီမှုစံနှုန်းများ မြှင့်တင်ခြင်းပါဝင်ကြောင်း၊ ထို့အပြင် ပေဂျင်းသည် ၂၀၁၇ မှ ၂၀၁၈ ခုနှစ် အထိ ၂၀ ရာခိုင်နှုန်း ထောက်ပံ့ကြေး ဖြတ်တောက်ခြင်း၊ ၂၀၁၉ မှ ၂၀၂၀ ခုနှစ်အထိ ၄၀ ရာခိုင်နှုန်း ဖြတ်တောက်ခြင်းဖြင့် EV ထောက်ပံ့မှုများကို လျှော့ချရန်အစီအစဉ်နှင့် EV ခရက်ဒစ်စနစ်ဖြင့် နှစ်စဉ် ထုတ်လုပ်သူမှရောင်းချသော ကားအားလုံး၏ ရာခိုင်နှုန်းအချို့သည် ဘက္ထရီအားသုံးရမည်ဟု ဆိုသော EV ခရက်ဒစ်စနစ်တစ်ခု တရုတ်အစိုးရက တည်ထောင်ခဲ့ခြင်းတို့ကို ထုတ်ဖော်ခဲ့ကြောင်း၊ မူလစိတ်ကူးမှာ တိုက်ရိုက်ဘဏ္ဍာရေးအကူအညီမှ ဈေးကွက်အခြေပြု ချဉ်းကပ်မှုသို့ ကူးပြောင်းရန်ဖြစ်သည်။

မော်တော်ယာဉ်လျှပ်စစ်ဓာတ်အားရရှိရေးတွင် တရုတ်နိုင်ငံ၏ အောင်မြင်မှုသည် အဓိကအားဖြင့် နိုင်ငံတော်နှင့် ပြည်နယ်အဆင့်တွင် EV ထုတ်လုပ် ခြင်းနှင့် ရောင်းချခြင်းတို့ကို ပံ့ပိုးပေးသော အစိုးရ၏ အစပျိုးမှုများကြောင့်ဖြစ်ကြောင်း၊ အစိုးရ၏ပံ့ပိုးကူညီမှုကြောင့် EV စရိတ်စကများကို ရိုးရာ ယာဉ်များ ကုန်ကျစရိတ်အဆင့်ကဲ့သို့ တွန်းပို့ခဲ့ပြီး တရုတ်သည် ထိုကဲ့သို့သောနည်းပညာကို အလုံးအရင်းဖြင့် လက်ခံကျင့်သုံးမှုဆီသို့ လမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ သို့သော်လည်း တရုတ်နိုင်ငံ၏ EV စက်မှုလုပ်ငန်းသည် ပိုမိုခိုင်မာလာသည်နှင့်အမျှ ပေကျင်းသည် စွမ်းအင်သုံး ကားသစ်များ အတွက် မက်လုံးများကို တဖြည်းဖြည်းဆုတ်ခွာလာခဲ့ကြောင်း၊ ထို့အပြင် ချပ်စ်ပြတ်တောက်မှုများသည် COVID-19 ကပ်ရောဂါ အစမှ စတင်၍ ထုတ်လုပ်သူများအပေါ် သက်ရောက်မှုရှိခဲ့ပြီး ဝယ်လိုအားကျဆင်းခြင်းနှင့် ထောက်ပံ့ရေးကွင်းဆက်ရှိ အထွေထွေပြဿနာများကဲ့သို့သော အခြားသော အချက်များစွာနှင့်အတူ လျှော့ချထောက်ပံ့မှုများနှင့်အတူ တွဲထားသည့် ဤအခြေအနေများသည် လျှပ်စစ်ကားများ၏ ကုန်ကျစရိတ်ကို တိုးစေကြောင်း၊ ၂၀၂၂ အတွက်မျှော်လင့်ထားသည့် NEV ထောက်ပံ့မှုများ၏ ၃၀ ရာခိုင်နှုန်းကျဆင်းမှုသည် ဝယ်ယူဈေးနှုန်းကိုတက်စေပြီး စားသုံးသူများ၏ ရွေးချယ်မှုများကို ပြန်လည် စဉ်းစားစေကြောင်း၊ EV ဈေးနှုန်းများအပေါ်တွင် ကျဆင်းလာသော ထောက်ပံ့ကြေးများ၏ အလားအလာ သက်ရောက်မှုကို ထေမိရန် XPeng ကဲ့သို့သော ကုမ္ပဏီများသည် ထောက်ပံ့ကြေးဆုံးရှုံးမှုကို စုပ်ယူခြင်း (သို့မဟုတ်) အလားအလာရှိသော ဝယ်ယူ သူများအတွက် ချေးငွေဦးစားပေးအစီအစဉ်ကို ပယ်ဖျက်ခြင်း စသည့်မဟာဗျူဟာနှစ်ခုလုံးသည် ထိုသို့သော အပြောင်းအလဲ များကို ကိုင်တွယ်ဖြေ ရှင်းရာတွင် အထောက်အကူဖြစ်စေပါသည်။ တစ်ချိန်တည်းတွင် ထောက်ပံ့မှုများသည် EV ဈေးကွက်ကို လှုံ့ဆော်ရန် တစ်ခုတည်းသော နည်းလမ်းမဟုတ်ပါကြောင်း၊ တရုတ်အစိုးရသည် ဈေးကွက်မြှင့်တင်ရန်နှင့် ၎င်း၏ ရည်မှန်းချက် များ အောင်မြင်ရန် အခြားလှုံ့ဆော်မှုအစီအမံများကို ချမှတ်ထားပါသည်။

**အခွန်ကင်းလွတ်ခွင့်**

၂၂-၄-၂၀၂၀ ရက်နေ့တွင် ဘဏ္ဍာရေးဝန်ကြီးဌာန (MOF)၊ နိုင်ငံတော်အကောက်ခွန်ဦးစီးဌာန (STA) နှင့် MIIT တို့ ပူးပေါင်း၍ စွမ်းအင်သုံးယာဉ် အသစ်များအတွက် မော်တော်ယာဉ်ဝယ်ယူခွန် ကင်းလွတ်ခွင့်ဆိုင်ရာ ကြေငြာချက်ထုတ်ပြန်ခဲ့ကြောင်း၊ ၂၀၂၂ နှစ်ကုန်အထိ မော်တော်ယာဉ်ဝယ်ယူ ခွန်မှ NEV များကို သက်ဆိုင်ရာအာဏာပိုင်များမှ ဖယ်ထုတ်မည်ဖြစ်ကြောင်း၊ စာတမ်းတွင် ဖော်ပြထားကြောင်း၊ အခွန်ကင်းလွတ်ခွင့်တွင် PEV နှင့် PHEV နှင့် FCV များပါဝင်ကြောင်း၊ EV လုပ်ငန်းများသည် ၎င်းတို့၏ မော်တော်ကားစက်ရုံ အရည်အချင်းစစ်လက်မှတ်ကို MIIT သို့ အတည်ပြုချက် အတွက် upload တင်ခြင်းဖြင့် အခွန်ကင်းလွတ်ခွင့် လျှောက်ထားနိုင်ပါသည်။

**EV အခြေခံအဆောက်အအုံအတွက် ရင်းနှီးမြှုပ်နှံမှု**

လာမည့်စီးပွားရေးနှိုးဆွမှုအစီအမံများတွင် အခြားသောအရာများအပြင် NEV အားသွင်းစခန်းများ၊ ရေရှည်တည်တံ့သော စွမ်းအင်နှင့် Internet of Things တို့ပါဝင်သည့် "အခြေခံအဆောက် အအုံသစ်" တွင် ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေး လုပ်ဆောင်မည်ဟု အစိုးရတာဝန်ရှိသူများက အကြံပြုထားကြောင်း၊ အကယ်၍ အစိုးရသည် NEV အားသွင်းရုံများတွင် ကြီးမားသော ရင်းနှီးမြှုပ်နှံပါက ကဏ္ဍအား အားကောင်းလာမည်ဖြစ်ပြီး NEV များသည် သာမန်ဖောက်သည်များအတွက် ပိုမိုဆွဲဆောင်မှုရှိလာမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ နည်းပညာမြင့်နှင့်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အပိုမက်လုံးများကို NEV ထုတ်လုပ်သူများအတွက် ရရှိနိုင်ပါကြောင်း၊ EV ထုတ်လုပ်မှုနှင့် သုံးစွဲမှုသည် တရုတ်နိုင်ငံ၏ စီးပွားရေး၊ စက်မှုလုပ်ငန်းနှင့် ကာဗွန်လျှော့ချရေးရည်မှန်းချက်များတွင် အပြည့်အဝ ကိုက်ညီသောကြောင့် စက်မှုလုပ်ငန်းသည် အစိုးရအတွက် အရေးကြီးသော လုပ်ငန်းတစ်ခု ဖြစ်လာစေသည်။

ယခုအချိန်အထိ ပေကျင်းသည် ၂၀၂၅ ခုနှစ်တွင် EV ဖြန့်ကျက်မှု ၂၀ ရာခိုင်နှုန်းရရှိရန် ၎င်း၏ ပန်းတိုင်ကို အရောက် လှမ်းနိုင်ရန် ခိုင်ခိုင်မာမာ ရပ်တည်နေပါကြောင်း၊ တရုတ်နိုင်ငံသည် ကမ္ဘာတစ်ဝှမ်းတွင် လျှပ်စစ်ကားအများစုတွင် အသုံးပြုသည့် လီသီယမ်- အိုင်းယွန်း ဘက်ထရီထုတ်လုပ်ရေးတွင် ထိပ်တန်းနိုင်ငံဖြစ်ပြီး ကမ္ဘာ့လစ်သီယံ သယံဇာတအများစုကို အခြားနိုင်ငံများက ချုပ်ကိုင်ထား၍ တရုတ်နိုင်ငံသည် ၎င်း၏ လိုအပ်ချက်၏ ၈၀ ရာခိုင်နှုန်းကို တင်သွင်းနေသော်လည်း အနာဂတ်ထုတ်လုပ်မှုအတွက် လစ်သီယံသတ္တုတွင်းအများစုကို ဝယ်ယူထားပြီးဖြစ်သည်။ တရုတ်နိုင်ငံအတွက် ၎င်း၏ အနာဂတ်သည် လျှပ်စစ်ဖြစ်မည်ဟု ညွှန်ပြနေပါသည်။ ရင်းမြစ်: www.china-briefing.com/news/china-considers-extending-its-ev-subsidies-to-2023/

Source:ဒေါက်တာဝေရီလင်း–စီးပွားရေးသံမှူး၊ကူမင်းမြို့

## ကုန်သွယ်မှုအခြေအနေ

### ၂၀၂၂၊ ဩဂုတ်လ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 73,886,360.203 | 500.758 | | 1 | ရေနံထွက်ပစ္စည်းများ | 485.756 |
| 2 | သဘာဝဓါတ်ငွေ့ | kg | 29,871,277.696 | 344.078 | | 2 | ချည်ထည်များ | 122.373 |
| 3 | မတ်ပဲ | မတန် | 73,242.763 | 62.629 | | 3 | ဓါတ်မြေဩဇာများ | 82.247 |
| 4 | ငါး | မတန် | 34,003.791 | 37.457 | | 4 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 77.213 |
| 5 | ပြောင်း | မတန် | 72,849.000 | 21.854 | | 5 | ဆေးဝါးပစ္စည်းများ | 58.031 |
| 6 | ရော်ဘာစိမ်း | မတန် | 13,536.100 | 18.452 | | 6 | ဓါတုဗေဒပစ္စည်းများ | 55.294 |
| 7 | ပဲစင်းငုံ | မတန် | 22,085.290 | 18.145 | | 7 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 48.346 |
| 8 | ဆန်ကွဲ | မတန် | 47,696.450 | 16.897 | | 8 | စက်နှင့်စက်ပစ္စည်းများ | 48.031 |
| 9 | ပဲတီစိမ်း | မတန် | 23,946.861 | 16.815 | | 9 | သံနှင့် သံမဏိပစ္စည်းများ | 36.430 |
| 10 | ဆန် | မတန် | 37,001.200 | 14.672 | | 10 | လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 34.927 |

## ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၂-၂၀၂၃ (၃၀-၉-၂၀၂၂ ) ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၃၀-၉-၂၀၂၁ ) ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 1711.195 | 1696.066 | 15.129 |
| ၂ | တိရိစ္ဆာန်ထွက် | 16.991 | 2.771 | 14.220 |
| ၃ | ရေထွက် | 344.173 | 342.854 | 1.319 |
| ၄ | သတ္တုတွင်းထွက် | 171.013 | 362.490 | -191.477 |
| ၅ | သစ်တောထွက် | 76.046 | 62.891 | 13.155 |
| ၆ | စက်မှုကုန်ချော | 5975.838 | 4274.678 | 1701.160 |
| ၇ | အခြား | 265.573 | 440.922 | -175.349 |
| | **စုစုပေါင်း** | **8560.829** | **7182.672** | **1378.157** |

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၂-၂၀၂၃ (၃၀-၉-၂၀၂၂)ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၃၀-၉-၂၀၂၁ )ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 1528.880 | 1856.309 | -327.429 |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 4055.572 | 2522.028 | 1533.544 |
| ၃ | လူသုံးကုန်ပစ္စည်း | 1539.226 | 1769.643 | -230.417 |
| ၄ | CMP | 1401.636 | 747.528 | 654.108 |
| | | | | |
| | | | | |
| | **စုစုပေါင်း** | **8525.314** | **6895.508** | **1629.806** |

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၂ စက်တင်ဘာလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၄.၁၀-၂၀၂၂) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စ | ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | – | 58000–59000 |
| မြောင်းမြ | – | 63000–64000 |
| ဒေးဒရဲ | – | 57000–58000 |
| ဝါးခယ်မ | 41000–42000 | 55000–56000 |
| ဘိုကလေး | 41000–42000 | 60000–61000 |
| မော်ကျွန်း | 41000–42000 | 59000–60000 |
| လပွတ္တာ | – | 60000–61000 |
| ကျိုက်လတ် | 41000–42000 | 56000–59000 |
| ဘုရင့်နောင် | 41000–42000 | 79000–86000 (ရွှေဘို) |

**Source: MRF**

### ၂၀၂၂ စက်တင်ဘာလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 5.9.2022 | 1350-1400 | 1300-1350 | 1250-1300 | 1200-1250 | 1150-1200 |
| 2 | 12.9.2022 | 1350-1400 | 1300-1350 | 1250-1300 | 1200-1250 | 1150-1200 |
| 3 | 19.9.2022 | 1350-1400 | 1300-1350 | 1250-1300 | 1200-1250 | 1150-1200 |
| 4 | 26.9.2022 | 1350-1400 | 1300-1350 | 1250-1300 | 1200-1250 | 1150-1200 |

Source: MRPPA

## ၂၀၂၂၊ စက်တင်ဘာလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(သစ်) | | | ခွဲနီ(ရှယ်)(သစ်) | | | ညှော့မထ | | | ငစိန်(သစ်) | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.9.2022 | 61000 | 60000 | 58000 | 52500 | 51500 | 51000 | 41000 | 40000 | 39000 | 39000 | 38000 | 37000 |
| 2 | 2.9.2022 | 61000 | 60000 | 58000 | 52500 | 51500 | 51000 | 41000 | 40000 | 39000 | 39000 | 38000 | 37000 |
| 3 | 5.9.2022 | 61000 | 60000 | 58000 | 53500 | 53000 | 52000 | 41500 | 41000 | 40000 | 39000 | 38000 | 37000 |
| 4 | 6.9.2022 | 61000 | 60000 | 58000 | 53500 | 53000 | 52000 | 41500 | 41000 | 40000 | 39000 | 38000 | 37000 |
| 5 | 7.9.2022 | 61000 | 60000 | 58000 | 53500 | 53000 | 52000 | 41500 | 41000 | 40000 | 39000 | 38000 | 37000 |
| 6 | 8.9.2022 | 61000 | 60000 | 58000 | 53500 | 53000 | 52000 | 41500 | 41000 | 40000 | 39000 | 38000 | 37000 |
| 7 | 9.9.2022 | 61000 | 60000 | 58000 | 53500 | 53000 | 52000 | 41500 | 41000 | 40000 | 39000 | 38000 | 37000 |
| 8 | 12.9.2022 | 61000 | 60000 | 58000 | 54000 | 53000 | 52500 | 41500 | 41000 | 40000 | 39000 | 38000 | 37000 |
| 9 | 13.9.2022 | 61000 | 60000 | 58000 | 54000 | 53000 | 52500 | 41500 | 41000 | 40000 | 39000 | 38000 | 37000 |
| 10 | 14.9.2022 | 61000 | 60000 | 58000 | 54000 | 53000 | 52500 | 41500 | 41000 | 40000 | 39000 | 38000 | 37000 |
| 11 | 15.9.2022 | 61000 | 60000 | 58000 | 54000 | 53000 | 52500 | 41500 | 41000 | 40000 | 39000 | 38000 | 37000 |
| 12 | 16.9.2022 | 61000 | 60000 | 58000 | 54000 | 53000 | 52500 | 41500 | 41000 | 40000 | 39000 | 38000 | 37000 |
| 13 | 19.9.2022 | 61000 | 60000 | 58000 | 55000 | 53500 | 52000 | 44500 | 43500 | 43000 | 39000 | 38000 | 37000 |
| 14 | 20.9.2022 | 61000 | 60000 | 58000 | 55000 | 53500 | 52000 | 44500 | 43500 | 43000 | 39000 | 38000 | 37000 |
| 15 | 21.9.2022 | 61000 | 60000 | 58000 | 55000 | 53500 | 52000 | 44500 | 43500 | 43000 | 39000 | 38000 | 37000 |
| 16 | 22.9.2022 | 61000 | 60000 | 58000 | 55000 | 53500 | 52000 | 44500 | 43500 | 43000 | 39000 | 38000 | 37000 |
| 17 | 23.9.2022 | 61000 | 60000 | 58000 | 55000 | 53500 | 52000 | 44500 | 43500 | 43000 | 39000 | 38000 | 37000 |
| 18 | 26.9.2022 | 61000 | 60000 | 58000 | 54000 | 53500 | 52000 | 44500 | 43500 | 43000 | (ဟောင်း) 46000 | (ဟောင်း) 45000 | (ဟောင်း) 44000 |
| 19 | 27.9.2022 | 61000 | 60000 | 58000 | 54000 | 53500 | 52000 | 44500 | 43500 | 43000 | 46000 | 45000 | 44000 |
| 20 | 28.9.2022 | 61000 | 60000 | 58000 | 54000 | 53500 | 52000 | 44500 | 43500 | 43000 | 46000 | 45000 | 44000 |
| 21 | 29.9.2022 | 61000 | 60000 | 58000 | 54000 | 53500 | 52000 | 44500 | 43500 | 43000 | 46000 | 45000 | 44000 |
| 22 | 30.9.2022 | 61000 | 60000 | 58000 | 54000 | 53500 | 52000 | 44500 | 43500 | 43000 | 46000 | 45000 | 44000 |

**Source: Myanmar Rice**

## ၂၀၂၂၊ စက်တင်ဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/Rc | ပဲစင်းငုံ RC | ပဲတီစိမ်း (ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2022 | 2022 | | | | |
| 1 | 1.9.2022 | 2028000 | 2150000 | 1601400-1684100 | 1886200-1990300 | 2091300-2244400 | 1436100-1598300 |
| 2 | 2.9.2022 | 1980000 | 2115000 | 1601400-1684100 | 1886200-1990300 | 2091300-2244400 | 1436100-1598300 |
| 3 | 5.9.2022 | 1990000 | 2100000 | 1601400-1684100 | 1886200-1990300 | 2143400-2296500 | 1436100-1598300 |
| 4 | 6.9.2022 | 1953000 | 2075000 | 1601400-1684100 | 1886200-1990300 | 2143400-2296500 | 1436100-1598300 |
| 5 | 7.9.2022 | 1990000 | 2075000 | 1632000-1788200 | 1938200-2143400 | 2143400-2296500 | 1436100-1598300 |
| 6 | 8.9.2022 | 2005000 | 2040000 | 1632000-1788200 | 1938200-2143400 | 2143400-2296500 | 1436100-1598300 |
| 7 | 9.9.2022 | 2010000 | 2060000 | 1632000-1788200 | 1938200-2143400 | 2143400-2296500 | 1436100-1598300 |
| 8 | 12.9.2022 | 2030000 | 2095000 | 1632000-1788200 | 1938200-2143400 | 2143400-2296500 | 1436100-1598300 |
| 9 | 13.9.2022 | 2016000 | 2085000 | 1632000-1788200 | 1938200-2143400 | 2143400-2296500 | 1436100-1598300 |
| 10 | 14.9.2022 | 1985000 | 2075000 | 1632000-1788200 | 1938200-2143400 | 2143400-2296500 | 1436100-1598300 |
| 11 | 15.9.2022 | 2050000 | 2115000 | 1632000-1788200 | 1938200-2143400 | 2143400-2296500 | 1436100-1598300 |
| 12 | 16.9.2022 | 2035000 | 2125000 | 1632000-1788200 | 1938200-2143400 | 2143400-2296500 | 1436100-1598300 |
| 13 | 19.9.2022 | 2001000 | 2175000 | 1632000-1788200 | 1938200-2143400 | 2143400-2296500 | 1436100-1598300 |
| 14 | 20.9.2022 | 1980000 | 2170000 | 1632000-1788200 | 1938200-2143400 | 2143400-2296500 | 1436100-1598300 |
| 15 | 21.9.2022 | 1994000 | 2150000 | 1632000-1788200 | 1938200-2143400 | 2143400-2296500 | 1436100-1598300 |
| 16 | 22.9.2022 | 1965000 | 2147500 | 1632000-1788200 | 1938200-2143400 | 2143400-2296500 | 1436100-1598300 |
| 17 | 23.9.2022 | 1967500 | 2130000 | 1632000-1788200 | 1938200-2143400 | 2039300-2143400 | 1436100-1598300 |
| 18 | 26.9.2022 | 1983000 | 2105000 | 1632000-1788200 | 1938200-2143400 | 2008600-2042300 | 1436100-1598300 |
| 19 | 27.9.2022 | 1970000 | 2130000 | 1632000-1788200 | 1938200-2143400 | 2008600-2042300 | 1436100-1598300 |
| 20 | 28.9.2022 | 1940000 | 2095000 | 1632000-1788200 | 1938200-2143400 | 2008600-2042300 | 1436100-1598300 |
| 21 | 29.9.2022 | 1885000 | 2075000 | 1632000-1788200 | 1938200-2143400 | 2008600-2042300 | 1436100-1598300 |
| 22 | 30.9.2022 | 1853000 | 2025000 | 1632000-1788200 | 1938200-2143400 | 2008600-2042300 | 1436100-1598300 |

**Source: ဘုရင့်နောင်ကုန်စည်ဒိုင်**

## ၂၀၂၂ စက်တင်ဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်)(အထွက်တိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|
| 1 | 1.9.2022 | 2706800-2820100 | 1408500-1429900 | 1325800-1429900 | 1377100-1788200 | 643000-655300 |
| 2 | 2.9.2022 | 2706800-2820100 | 1408500-1429900 | 1325800-1429900 | 1377100-1788200 | 643000-655300 |
| 3 | 5.9.2022 | 2706800-2820100 | 1408500-1429900 | 1325800-1429900 | 1377100-1788200 | 649100-661400 |
| 4 | 6.9.2022 | 2706800-2820100 | 1408500-1429900 | 1325800-1429900 | 1377100-1788200 | 649100-661400 |
| 5 | 7.9.2022 | 2706800-2820100 | 1408500-1429900 | 1325800-1429900 | 1377100-1788200 | 649100-661400 |
| 6 | 8.9.2022 | 2706800-2820100 | 1408500-1429900 | 1325800-1429900 | 1377100-1788200 | 649100-661400 |
| 7 | 9.9.2022 | 2706800-2820100 | 1408500-1429900 | 1325800-1429900 | 1377100-1788200 | 649100-661400 |
| 8 | 12.9.2022 | 2706800-2820100 | 1408500-1429900 | 1325800-1429900 | 1377100-1788200 | 661400-673600 |
| 9 | 13.9.2022 | 2706800-2820100 | 1408500-1429900 | 1325800-1429900 | 1377100-1788200 | 661400-673600 |
| 10 | 14.9.2022 | 2706800-2820100 | 1408500-1429900 | 1325800-1429900 | 1377100-1788200 | 661400-673600 |
| 11 | 15.9.2022 | 2706800-2820100 | 1408500-1429900 | 1325800-1429900 | 1377100-1788200 | 661400-673600 |
| 12 | 16.9.2022 | 2706800-2820100 | 1408500-1429900 | 1325800-1429900 | 1377100-1788200 | 661400-673600 |
| 13 | 19.9.2022 | 2706800-2820100 | 1408500-1429900 | 1325800-1429900 | 1377100-1788200 | 661400-673600 |
| 14 | 20.9.2022 | 2706800-2820100 | 1408500-1429900 | 1325800-1429900 | 1377100-1788200 | 661400-673600 |
| 15 | 21.9.2022 | 2706800-2820100 | 1347300-1377900 | 1325800-1429900 | 1377100-1788200 | 661400-673600 |
| 16 | 22.9.2022 | 2706800-2820100 | 1408500-1429900 | 1325800-1429900 | 1377100-1788200 | 661400-673600 |
| 17 | 23.9.2022 | 2706800-2820100 | 1408500-1429900 | 1325800-1429900 | 1377100-1788200 | 661400-673600 |
| 18 | 26.9.2022 | 2706800-2820100 | 1325800-1377900 | 1325800-1429900 | 1377100-1788200 | 661400-673600 |
| 19 | 27.9.2022 | 2706800-2820100 | 1325800-1377900 | 1325800-1408500 | 1377100-1788200 | 661400-673600 |
| 20 | 28.9.2022 | 2706800-2820100 | 1325800-1377900 | 1325800-1408500 | 1377100-1788200 | 661400-673600 |
| 21 | 29.9.2022 | 2706800-2820100 | 1325800-1377900 | 1325800-1408500 | 1377100-1788200 | 655300-667500 |
| 22 | 30.9.2022 | 2706800-2820100 | 1325800-1377900 | 1325800-1408500 | 1377100-1788200 | 655300-667500 |

**Source: ဘုရင့်နောင်ကုန်စည်ဒိုင်**

## ၂၀၂၂ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)နှင့် မြန်မာ့ရွှေဈေး (ကျပ်)

| No | Date | London | New York |
|---|---|---|---|
| 1 | 1.9.2022 | 1710 | 1714 |
| 2 | 2.9.2022 | 1698 | 1705 |
| 3 | 5.9.2022 | 1715 | 1718 |
| 4 | 6.9.2022 | 1719 | 1723 |
| 5 | 7.9.2022 | 1697 | 1699 |
| 6 | 8.9.2022 | 1787 | 1724 |
| 7 | 9.9.2022 | 1723 | 1724 |
| 8 | 12.9.2022 | 1715 | 1718 |
| 9 | 13.9.2022 | 1725 | 1728 |
| 10 | 14.9.2022 | 1707 | 1709 |
| 11 | 15.9.2022 | 1696 | 1699 |
| 12 | 16.9.2022 | 1667 | 1670 |
| 13 | 19.9.2022 | 1672 | 1675 |
| 14 | 20.9.2022 | 1679 | 1811 |
| 15 | 21.9.2022 | 1666 | 1670 |
| 16 | 22.9.2022 | 1664 | 1667 |
| 17 | 23.9.2022 | 1671 | 1811 |
| 18 | 26.9.2022 | 1641 | 1643 |
| 19 | 27.9.2022 | 1632 | 1636 |
| 20 | 28.9.2022 | 1626 | 1629 |
| 21 | 29.9.2022 | 1655 | 1659 |
| 22 | 30.9.2022 | 1667 | 1671 |

**Source: Bullionvault,**

မှတ်ချက်။  e-trademyanmar မှ ရန်ကုန်၊ မန္တလေး ရွှေဈေးမတက်ပါသဖြင့် ဖော်ပြခြင်းမရှိပါ။ ဈေးနှုန်းထွက်ရှိပါက ပြန်လည်တင်ပြပေးပါမည်။

## ၂၀၂၂၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 1.9.2022 to 2.9.2022 | 5.9.2022 to 9.9.2022 | 12.9.2022 to 16.9.2022 | 19.9.2022 to 23.9.2022 | 26.9.2022 to 30.9.2022 |
|---|---|---|---|---|---|---|
| မတ်ပဲ (2022 crop) | FAQ | 780-800 | 780-800 | 795-815 | 795-815 | 790-810 |
| | SQ | 905-925 | 910-930 | 925-945 | 925-945 | 930-950 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 850-900 | 850-900 | 850-900 | 850-900 | 850-900 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 950-1000 | 950-1000 | 950-1000 | 950-1000 | 950-1000 |
| | အခွံပါ အခြမ်း | 800-850 | 800-850 | 800-850 | 800-850 | 800-850 |
| ပဲတီစိမ်း 2022 Crop | FAQ (အညာ) | 730-750 | 730-750 | 730-750 | 730-750 | 730-750 |
| | ရွှေဂါအသေး (Under 3.5 mm) | 800-825 | 800-825 | 800-825 | 800-825 | 800-825 |
| | ရွှေဂါအကြီး (Size  3.5 mm &up) | 990-1015 | 990-1015 | 990-1015 | 990-1015 | 990-1015 |
| | ရွှေဂါအကြီး (Size  3.25 mm &up) | 920-945 | 920-945 | 920-945 | 920-945 | 920-945 |
| ပဲတီစိမ်း 2022 Crop | FAQ ပဲနှောက် | 570-620 | 570-620 | 570-620 | 570-620 | 570-620 |
| | SQ ပဲနှောက် | 730-780 | 730-780 | 730-780 | 730-780 | 730-780 |
| | အခွံပါအလုံးသေးအခြမ်း (အညာ) | 820-870 | 820-870 | 820-870 | 820-870 | 820-870 |
| | အခွံချွတ်အလုံးကြီးအခြမ်း (အညာ) | 975-1025 | 975-1025 | 975-1025 | 975-1025 | 975-1025 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 845-895 | 845-895 | 845-895 | 845-895 | 845-895 |
| ပဲစင်းငုံ (2022 crop) | အနီ (FAQ) | 815-835 | 815-835 | 820-840 | 835-855 | 835-855 |
| | ဖြူနီ /အဖြူ  (FAQ) | 780-800 | 780-800 | - | - | - |
| | အခွံချွတ်အခြမ်း | 1175-1200 | 1175-1200 | 1200-1225 | 1200-1225 | 1200-1225 |
| ကုလားပဲဖြူလုံးကြီး | FAQ | 800-825 | 800-825 | 800-825 | 800-825 | 750-775 |
| | အခွံချွတ်အခြမ်း | 1075-1100 | 1075-1100 | 1075-1100 | 1075-1100 | 1025-1050 |
| ပဲလွန်းဖြူ | FAQ | 625-650 | 625-650 | 625-650 | 625-650 | 600-625 |
| | SQ | 750-780 | 750-780 | 750-780 | 750-780 | 700-730 |
| | အခွံချွတ်အခြမ်း | 930-950 | 930-950 | 930-950 | 930-950 | 900-920 |
| ပဲလွန်းနီ | FAQ | 640-670 | 640-670 | 640-670 | 640-670 | 640-670 |
| ပဲထောပတ် | FAQ | 780-800 | 780-800 | 780-800 | 780-800 | 750-770 |
| | အခွံချွတ်အခြမ်း | 865-855 | 865-855 | 865-855 | 865-855 | 850-870 |
| ပြောင်းဆံ | | 280-300 | 280-300 | 280-300 | 280-300 | 280-300 |
| နှမ်းဖြူ | | 1575-1625 | 1655-1705 | 1775-1825 | 1775-1825 | 1700-1750 |
| နှမ်းနက် (စမုံ) | | 1725-1775 | 1650-1700 | 1700-1750 | 1725-1775 | 1700-1750 |
| နှမ်းညို | | 1400-1450 | 1475-1525 | 1475-1525 | 1475-1525 | 1475-1525 |
| နှမ်းနက် (ရိုးရိုး) | | - | - | - | - | - |
| ပဲကြီး | | - | 1200-1225 | 1200-1225 | 1200-1225 | 1200-1225 |
| ပဲယင်း | | 725-750 | 725-750 | 725-750 | 725-750 | 675-700 |
| ဘိုကိတ် | | - | - | - | - | - |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 31.8.2022 to 6.9.2022 | 7.9.2022 to 13.9.2022 | 14.9.2022 to 20.9.2022 | 21.9.2022 to 27.9.2022 | 28.9.2022 to 4.10.2022 |
|---|---|---|---|---|---|---|
| 21 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 383-390 | 385-390 | 390-395 | 390-395 | 390-395 |
| 2 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 380-383 | 380-385 | 385-390 | 385-390 | 385-390 |
| 3 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 375-380 | 375-380 | 380-385 | 380-385 | 380-385 |
| 4 | Myanmar Long Grain White Rice 20% Broken(well Milled Double Polished Sortexexd) | 370-375 | 370-375 | 375-380 | 375-380 | 375-380 |
| 5 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 360-365 | 365-370 | 370-375 | 370-375 | 370-375 |
| 6 | Myanmar Long Grain White Rice 5% Broken(Reasonable Well Milled) | 350-355 | 355-360 | 355-360 | 355-360 | 355-360 |
| 7 | Myanmar Long Grain White Rice 10% Broken(Reasonable Well Milled) | 345-350 | 350-355 | 350-355 | 350-355 | 350-355 |
| 8 | Myanmar Long Grain White Rice 15% Broken(Reasonable Well Milled) | 342-345 | 345-350 | 345-350 | 345-350 | 345-350 |
| 9 | Myanmar Long Grain White Rice 25% Broken(Reasonable Well Milled) | 325-330 | 340-345 | 340-345 | 340-345 | 340-345 |
| 10 | Myanmar Long Grain White Rice 35% Broken(Reasonable Well Milled) | 320-325 | 340-345 | 340-345 | 340-345 | 340-345 |
| 11 | Myanmar Long Grain Brown Rice 5% Broken | 340-350 | 340-350 | 340-350 | 340-350 | 340-350 |
| 12 | Myanmar Long Grain Brown Rice 10% Broken | 335-340 | 335-340 | 335-340 | 335-340 | 335-340 |
| 13 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 380-395 | 380-395 | 380-395 | 380-395 | 380-395 |
| 14 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 375-380 | 375-380 | 375-380 |
| 15 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 370-375 | 370-375 | 370-375 | 370-375 | 370-375 |
| 16 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 365-370 | 365-370 | 365-370 | 365-370 | 365-370 |
| 17 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 380-385 | 380-385 | 380-385 | 380-385 | 380-385 |
| 18 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 375-380 | 375-380 | 375-380 |
| 19 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 370-375 | 370-375 | 370-375 | 370-375 | 370-375 |
| 20 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 365-370 | 365-370 | 365-370 | 365-370 | 365-370 |
| 21 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 385-390 | 385-390 | 385-390 | 385-390 | 385-390 |
| 22 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 380-385 | 380-385 | 380-385 | 380-385 | 380-385 |
| 23 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 375-380 | 375-380 | 375-380 |
| 24 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 370-375 | 370-375 | 370-375 | 370-375 | 370-375 |
| 25 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 385-390 | 385-390 | 385-390 | 385-390 | 385-390 |
| 26 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 380-385 | 380-385 | 380-385 | 380-385 | 380-385 |
| 27 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 375-380 | 375-380 | 375-380 |
| 28 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 370-375 | 370-375 | 370-375 | 370-375 | 370-375 |
| 29 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 450-460 | 450-460 | 450-460 | 450-460 | 450-460 |
| 30 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 445-455 | 445-455 | 445-455 | 445-455 | 445-455 |
| 31 | Myanmar Long Grain Parboiled Brown Rice 5% Broken | 400-405 | 400-405 | 400-405 | 400-405 | 400-405 |
| 32 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 460-465 | 460-465 | 460-465 | 460-465 | 460-465 |
| 33 | Myanmar Glutinous Rice 5% Broken | 380-400 | 380-400 | 380-400 | 380-400 | 380-400 |
| 34 | Myanmar Glutinous Rice 10 % Broken | 360-380 | 360-380 | 360-380 | 360-380 | 360-380 |
| 35 | Myanmar Glutinous Rice 15 % Broken | 350-360 | 350-360 | 350-360 | 350-360 | 350-360 |

**Source: MRF**

## ၂၀၂၂ စက်တင်ဘာလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USd/ gal) | Narural Gas USD/ MMBtu) | Heating Oil (USd/ gal) |
|---|---|---|---|---|---|---|
| 1 | 1.9.2022 | 87.97 | 93.91 | 236.77 | 9.04 | 352.89 |
| 2 | 2.9.2022 | 88.28 | 93.99 | 242.66 | 9.21 | 360.16 |
| 3 | 5.9.2022 | 88.78 | 95.19 | 248.82 | 8.97 | 372.06 |
| 4 | 6.9.2022 | 88.65 | 95.00 | 247.75 | 8.69 | 371.03 |
| 5 | 7.9.2022 | 85.23 | 91.37 | 238.77 | 7.98 | 353.85 |
| 6 | 8.9.2022 | 82.90 | 88.94 | 233.88 | 7.86 | 359.69 |
| 7 | 9.9.2022 | 83.78 | 89.52 | 234.71 | 8.06 | 353.87 |
| 8 | 12.9.2022 | 85.45 | 91.54 | 240.50 | 8.08 | 356.55 |
| 9 | 13.9.2022 | 87.73 | 93.88 | 246.36 | 8.40 | 359.95 |
| 10 | 14.9.2022 | 86.88 | 92.75 | 245.63 | 8.41 | 347.16 |
| 11 | 15.9.2022 | 88.62 | 94.08 | 251.83 | 9.07 | 335.62 |
| 12 | 16.9.2022 | 85.15 | 91.03 | 243.00 | 8.27 | 322.67 |
| 13 | 19.9.2022 | 85.54 | 91.92 | 241.57 | 7.59 | 322.32 |
| 14 | 20.9.2022 | 85.80 | 92.13 | 248.44 | 7.85 | 332.27 |
| 15 | 21.9.2022 | 84.45 | 90.84 | 246.57 | 7.78 | 338.04 |
| 16 | 22.9.2022 | 83.41 | 90.36 | 248.40 | 7.74 | 333.11 |
| 17 | 23.9.2022 | 83.10 | 89.94 | 250.57 | 7.23 | 338.57 |
| 18 | 26.9.2022 | 78.37 | 85.61 | 236.46 | 6.91 | 319.88 |
| 19 | 27.9.2022 | 76.99 | 84.37 | 239.70 | 7.05 | 313.80 |
| 20 | 28.9.2022 | 77.45 | 85.13 | 247.64 | 6.73 | 322.25 |
| 21 | 29.9.2022 | 81.97 | 89.10 | 257.47 | 6.87 | 344.42 |
| 22 | 30.9.2022 | 81.11 | 88.32 | 250.76 | 6.86 | 339.00 |

**Source: Bloomberg Commodities**

## ၂၀၂၂ စက်တင်ဘာလအတွင်း ရော်ဘာဈေးနှုန်း (၁၀၀ kg / ဒေါ်လာ)

| No | Date | LATEX | RSS | | TSR | |
|---|---|---|---|---|---|---|
| | | Malaysia Latex 60% | Bangkok RSS3 | Kottayam (India) RSS4 | Bangkok STR20 | Kuala Lumpur SMR20 |
| 1 | 01 Sept 2022 | 109.95 | * | 195.20 | * | 134.55 |
| 2 | 02 Sept 2022 | 109.18 | * | 191.75 | * | 133.90 |
| 3 | 03 Sept 2022 | * | * | 189.25 | * | * |
| 4 | 05 Sept 2022 | 109.05 | * | 187.75 | * | 134.75 |
| 5 | 06 Sept 2022 | 107.64 | * | 187.75 | * | 131.10 |
| 6 | 07 Sept 2022 | 106.71 | * | 187.70 | * | 130.20 |
| 7 | 08 Sept 2022 | 107.33 | * | 187.70 | * | 131.40 |
| 8 | 09 Sept 2022 | 107.14 | * | 188.35 | * | 131.10 |
| 9 | 12 Sept 2022 | 108.01 | * | 188.25 | * | 133.20 |
| 10 | 13 Sept 2022 | 109.47 | * | 191.00 | * | 136.10 |
| 11 | 14 Sept 2022 | 108.84 | * | 189.75 | * | 134.70 |
| 12 | 15 Sept 2022 | 108.75 | * | 189.75 | * | 136.25 |
| 13 | 16 Sept 2022 | * | * | 187.95 | * | * |
| 14 | 17 Sept 2022 | * | * | 186.65 | * | * |
| 15 | 19 Sept 2022 | 107.36 | * | 186.40 | * | 133.75 |
| 16 | 20 Sept 2022 | 107.48 | * | 186.40 | * | 135.30 |
| 17 | 21 Sept 2022 | 106.26 | * | 185.20 | * | 135.00 |
| 18 | 22 Sept 2022 | 105.47 | * | 183.35 | * | 134.95 |
| 19 | 23 Sept 2022 | 104.31 | * | * | * | 133.45 |
| 20 | 24 Sept 2022 | * | * | 182.90 | * | * |
| 21 | 26 Sept 2022 | 103.31 | * | 182.65 | * | 133.10 |
| 22 | 27 Sept 2022 | 103.35 | * | 183.10 | * | 133.90 |
| 23 | 28 Sept 2022 | 102.83 | * | 181.95 | * | 134.10 |
| 24 | 29 Sept 2022 | 102.68 | * | 182.00 | * | 134.20 |
| 25 | 30 Sep 2022 | 102.56 | 156.44 | 183.30 | 134.79 | 133.90 |

Source: Association of natural rubber producing countries

## ၂၀၂၂၊ စက်တင်ဘာလ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(ဒေါ်လာ)

| No | Date | Dollar | |
|---|---|---|---|
| | | နံနက် | ညနေ |
| 1 | 1.9.2022 | N/A | N/A |
| 2 | 2.9.2022 | 300-3400 | 3300-3400 |
| 3 | 5.9.2022 | N/A | N/A |
| 4 | 6.9.2022 | N/A | N/A |
| 5 | 7.9.2022 | N/A | N/A |
| 6 | 8.9.2022 | 3550-3650 | N/A |
| 7 | 9.9.2022 | N/A | 3550-3650 |
| 8 | 12.9.2022 | 3400-3500 | 3450-3500 |
| 9 | 13.9.2022 | 3350-3380 | 3250-3300 |
| 10 | 14.9.2022 | 3300-3350 | 3260-3310 |
| 11 | 15.9.2022 | 3400-3550 | 3400-3480 |
| 12 | 16.9.2022 | 3350-3450 | 3300-3350 |
| 13 | 19.9.2022 | 3280-3320 | 3250-3300 |
| 14 | 20.9.2022 | 3170-3200 | 3130-3180 |
| 15 | 21.9.2022 | 3180-3230 | 3180-3230 |
| 16 | 22.9.2022 | 3150-3220 | 3150-3200 |
| 17 | 23.9.2022 | 3200-3250 | 3200-3250 |
| 18 | 26.9.2022 | 3180-3210 | 3120-3170 |
| 19 | 27.9.2022 | 3060-3100 | 3050-3100 |
| 20 | 28.9.2022 | 3080-3130 | 3030-3080 |
| 21 | 29.9.2022 | 2850-2900 | 2880-2930 |
| 22 | 30.9.2022 | 2800-2850 | 2750-2800 |

Source: e trade Myanmar

## ၂၀၂၂၊ စက်တင်ဘာလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.9.2022 | 2100.0 | 57.244 | 304.41 | 15.01.1 | 26.402 | 1509.4 |
| 2 | 2.9.2022 | 2100.0 | 57.182 | 304.02 | 1497.7 | 26.319 | 1496.6 |
| 3 | 5.9.2022 | 2100.0 | 57.440 | 302.91 | 1495.4 | 26.314 | 1495.1 |
| 4 | 6.9.2022 | 2100.0 | 57.534 | 301.78 | 1495.7 | 26.319 | 1482.7 |
| 5 | 7.9.2022 | 2100.0 | 57.213 | 301.00 | 1492.2 | 26.275 | 1457.0 |
| 6 | 8.9.2022 | 2100.0 | 57.700 | 301.82 | 1494.7 | 26.354 | 1460.2 |
| 7 | 9.9.2022 | 2100.0 | 57.843 | 303.37 | 1503.7 | 26.398 | 1480.6 |
| 8 | 12.9.2022 | 2100.0 | 57.748 | 303.18 | 1503.8 | 26.405 | 1471.4 |
| 9 | 13.9.2022 | 2100.0 | 57.923 | 302.93 | 1505.9 | 26.537 | 1476.2 |
| 10 | 14.9.2022 | 2100.0 | 57.369 | 301.75 | 1496.2 | 26.442 | 1465.8 |
| 11 | 15.9.2022 | 2100.0 | 57.12 | 300.81 | 1493.3 | 26.352 | 1465.7 |
| 12 | 16.9.2022 | 2100.0 | 56.918 | 299.52 | 1490.2 | 26.336 | 1466.2 |
| 13 | 19.9.2022 | 2100.0 | 56.764 | 299.22 | 1489.0 | 26.337 | 1464.0 |
| 14 | 20.9.2022 | 2100.0 | 56.826 | 299.38 | 1490.5 | 26.335 | 1460.8 |
| 15 | 21.9.2022 | 2100.0 | 56.512 | 298.04 | 1485.9 | 26.264 | 1459.9 |
| 16 | 22.9.2022 | 2100.0 | 56.263 | 296.69 | 1482.0 | 25.995 | 1475.4 |
| 17 | 23.9.2022 | 2100.0 | 56.067 | 294.95 | 1474.3 | 25.936 | 1469.8 |
| 18 | 26.9.2022 | 2100.0 | 55.548 | 293.49 | 1464.6 | 25.743 | 1460.1 |
| 19 | 27.9.2022 | 2100.0 | 55.329 | 293.01 | 1462.3 | 25.746 | 1453.8 |
| 20 | 28.9.2022 | 2100.0 | 54.652 | 289.67 | 1449.3 | 25.629 | 1450.5 |
| 21 | 29.9.2022 | 2100.0 | 55.162 | 293.39 | 1459.3 | 25.668 | 1451.2 |
| 22 | 30.9.2022 | 2100.0 | 55.651 | 295.55 | 1465.2 | 25.820 | 1454.0 |

Source: Central Bank of Myanmar